# ဒသမတန်းစိတ်ကြိုက်မြန်မာစာ
# မြန်မာစကားပြေကျောင်းသုံးစာအုပ်မိတ်ဆက်

မြန်မာစာအခြေခံခိုင်မာပြီး ကျွမ်းကျင်စွာ တတ်မြောက်အသုံးပြုနိုင်ရန် ဦးတည်ချက်ထားရှိပြီး အခြေခံပညာအထက်တန်း မြန်မာစာသင်ရိုးကို ပြင်ဆင်ရေးဆွဲခဲ့ပါသည်။ ထိုသို့ရေးဆွဲရာတွင် ကျောင်းသားအားလုံးလေ့လာသင်ယူရမည့် မြန်မာစာနှင့် မြန်မာစာကို အထူးစိတ်ဝင်စားပြီး နက်နက်ရှိုင်းရှိုင်း လေ့လာလိုသည့်ကျောင်းသားများအတွက် စိတ်ကြိုက်မြန်မာစာဟူ၍ နှစ်မျိုးခွဲခြားထားသည်။ စိတ်ကြိုက်မြန်မာစာသင်ယူမည့် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် မြန်မာစာကို အသုံးချစာပေအဖြစ်အသုံးပြုနိုင်မည့် အခြေခံကောင်းများရရှိစေရန် ပြုစုရေးသားထားပါသည်။

ဒသမတန်း စိတ်ကြိုက်မြန်မာစာ၊ မြန်မာစကားပြေ ကျောင်းသုံးစာအုပ်ကို အသုံးပြုရာတွင် မြန်မာစကားပြေ အရေးအသားဆိုင်ရာ၊ မြန်မာစကားပြေစိစစ်လေ့လာမှုဆိုင်ရာ၊ မြန်မာစကားမှရရှိသော သုတရသဆိုင်ရာ အသိပညာများ၊ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန်အတွက် ဆရာ၏လမ်းညွှန်မှုဖြင့် တစ်ဦးချင်းလေ့ကျင့်ခြင်း၊ အဖွဲ့လိုက် လုပ်ငန်းများလုပ်ဆောင်ခြင်းတို့ဖြင့် သင်ယူကြမည်။ မြန်မာစကားပြေ အရေးအသားကို လေ့လာသင်ယူရာတွင်ဖြစ်စေ၊ လက်တွေ့ရေးသားရာတွင်ဖြစ်စေ ကြုံတွေ့ရသည့် အခက်အခဲများ၊ ပြဿနာများကိုလည်း ဖြေရှင်းတတ်စေရန်၊ စဉ်းစားတွေးခေါ် ဖန်တီးတတ်စေရန် လေ့ကျင့်သင်ယူမည်။ အချို့စာသင်ချိန်များတွင် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ လက်တွေ့လုပ်ဆောင်မှုများဖြင့် လေ့လာသင်ယူကြမည် ဖြစ်သည်။

## သင်ယူရမည့်အကြောင်းအရာ

ဤဒသမတန်း စိတ်ကြိုက်မြန်မာစာ၊ မြန်မာစကားပြေကျောင်းသုံးစာအုပ်တွင် အောက်ပါအကြောင်းအရာများ ပါဝင်သည်။

- အခန်း ၁။ စကားပြေ၏သဘောသဘာဝနှင့် စကားပြေရွေးချယ်ချက်
- အခန်း ၂။ ဆောင်းပါး၏သဘောသဘာဝနှင့် ဆောင်းပါးရွေးချယ်ချက်
- အခန်း ၃။ ခရီးသွားစာပေ၏သဘောသဘာဝနှင့် ခရီးသွားစာပေရွေးချယ်ချက်
- အခန်း ၄။ ရသစာတမ်း၏သဘောသဘာဝနှင့် ရသစာတမ်းရွေးချယ်ချက်
- အခန်း ၅။ အတ္ထုပ္ပတ္တိစာပေ၏သဘောသဘာဝနှင့် အတ္ထုပ္ပတ္တိစာပေရွေးချယ်ချက်

DBE BOX - Copyright Protected

## သင်ယူကြရမည့်နည်းလမ်းများ

စကားပြေသင်ခန်းစာအားလုံးတွင် တက်ကြွစွာပါဝင်သင်ယူနိုင်ရန် အထောက်အကူပြုမည့် အရေးပါသော ၂၁ ရာစု စာပေအရေးအသားဆိုင်ရာကျွမ်းကျင်မှုအဖြစ် ဆရာက လက်တွေ့သင်ကြား လေ့ကျင့်ပေးမည်။ စကားပြေလေ့လာရာတွင် ရည်ရွယ်ချက် သို့မဟုတ် အာဘော်၊ အကြောင်းအရာ အစီအစဉ်၊ စာရေးနည်းလေးမျိုး၊ သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရ၊ သုတ၊ ရသ သဘောဟူသော လေ့လာမှု နယ်ပယ်ငါးရပ်ကို ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်း၊ လေးနက်စွာဆန်းစစ်ဝေဖန် ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း၊ နိုင်ငံသားကောင်းဖြစ်ခြင်းဟူသည့် နည်းလမ်း ငါးရပ်ဖြင့် လေ့လာသင်ယူမည်။

**လေ့လာမှုနယ်ပယ်ငါးရပ်**

(က) **ရည်ရွယ်ချက် သို့မဟုတ် အာဘော်** - စာပေလေ့လာရာတွင် စာ၏အတွင်းသားကို ထဲထဲဝင်ဝင် လေ့လာသည့် အတွင်းလေ့လာနည်းနှင့် စာတစ်ပုဒ်ကိုဖြစ်လာစေရန် ဝန်းရံထားသော အကြောင်း အချက်အလက်များကို လွှမ်းခြုံလေ့လာသည့် အပြင်လေ့လာနည်းဟူ၍ နည်းနှစ်နည်းရှိသည်။

ရည်ရွယ်ချက် သို့မဟုတ် အာဘော်ကိုလေ့လာခြင်းသည် စာတစ်ပုဒ်ကိုဖြစ်ပေါ်လာစေသည့် အကြောင်းရင်းခံများကို လွှမ်းခြုံလေ့လာရသည့် အပြင်လေ့လာနည်းဖြစ်သည်။ စာဆိုသည် မိမိစာ၏ ရည်ရွယ်ချက်ကို တိုက်ရိုက်ရည်ညွှန်းဖော်ပြသည့်အခါရှိသလို တစ်ခါတစ်ရံတွင် စာရေးသူက တိုက်ရိုက်ဖော်ပြမထားဘဲ စာဖတ်သူက စာဆို၏ဘဝပတ်ဝန်းကျင်နှင့် ဆက်စပ် ကာ စာ၏ရည်ရွယ်ချက်ကို ဖော်ထုတ်ရခြင်းမျိုးလည်း ရှိပါသည်။

ရည်ရွယ်ချက်ကို အဓိကအားဖြင့် နှစ်မျိုးခွဲလေ့ရှိသည်။ အသိပညာ ဗဟုသုတ ပေးလိုသော ရည်ရွယ်ချက်နှင့် စေတနာကို နှိုးဆော်ပေးလိုသောရည်ရွယ်ချက်တို့ဖြစ်သည်။ အသိပညာ ဗဟုသုတပေးလိုသော ရည်ရွယ်ချက်ဖြင့် ရေးသောစာကို သုတစာဟုခေါ်၍ စေတနာကို နှိုးဆော်ပေးလိုသော ရည်ရွယ်ချက်ဖြင့်ရေးသောစာကို ရသစာဟုခေါ်သည်။

သုတစာတွင် စာရေးသူသည် သူသိသည့်အကြောင်းအရာကို သူသိသည့်အတိုင်း အခြားသူ သိအောင် ရေးသားတင်ပြခြင်းဖြစ်သည်။ သုတပေးစာတွင် အသိပေးရင်း စေတနာနှိုးဆော် ပေးသော သုတရသစာမျိုးလည်း အကျုံးဝင်သည်။ စာရေးသူသည် သူသိသည့်အကြောင်း အရာကို စာဖတ်သူ လက်ခံချင်လာအောင် စေတနာနှော၍ ဖျောင်းဖျသွေးဆောင်ရေးရသည်။

DBE BOX - Copyright Protected

စာဖတ်သူသည် ဗဟုသုတရသည့်အပြင် နှစ်သက်ခြင်းလည်း ဖြစ်စေသည်။ အသိပေးစာမျိုး၌ ထည့်နိုင်သော်လည်း ရသသဘောနှောနေသဖြင့် သုတရသစာဟုလည်းကောင်း၊ ဆွဲဆောင်မှုစာဟုလည်းကောင်း ဆိုနိုင်သည်။

ရသစာတွင် စာရေးသူသည် သူသိသောအကြောင်းအရာကိုအခြေပြုပြီး သူ့စေတနာကို အဓိကထားကာ သူ့စိတ်ကူးဉာဏ်တည်းဟူသော ဆေးရောင်စုံခြယ်၍ရေးသည်။ စာရေးသူ၏ စိတ်ကူးဉာဏ်တန်ခိုးကြောင့် နှစ်သက်ခြင်းရသအတွေ့အကြုံကိုရသည်။

(ခ) **အကြောင်းအရာအစီအစဉ်** - စကားပြေတစ်ပုဒ်ကိုလေ့လာရာတွင် မည်သည့်အကြောင်းအရာများ ပါဝင်သည်၊ ပါဝင်သည့်အကြောင်းအရာ၏ အချက်အလက်စီစဉ်ရာတွင် အစ ၊ အလယ်၊ အဆုံး ညီညွတ်မှု ရှိ၊ မရှိတို့ကို ဆန်းစစ်ကြည့်ပါ။ စကားပြေပါ အချက်အလက်တို့ကို အကျိုးသင့်အကြောင်းသင့်ဖြစ်အောင် စီကာစဉ်ကာ ရေးထားခြင်းရှိ၊ မရှိ၊ ဆိုလိုရင်းအာဘော်က မည်သို့ဖြစ်သည်၊ ဆိုလိုရင်းအာဘော်ကို မည်သို့အစချီထားသည်၊ မည်သို့ သယ်ဆောင်သွားသည်၊ မည်သို့အဆုံးသတ်လိုက်သည် စသည်တို့ကို စစ်ဆေးအကဲဖြတ်သင့်သည်။

ထိုအစီအစဉ်များကို အချိတ်အဆက်မိ၊ မမိ အစီအစဉ်ကောင်း၊ မကောင်းကိုလည်း အကဲဖြတ်သင့်သည်။

ချီလိုက်သောအစမှ အချက်အလက်များပွားလာပုံ၊ ပွားလာသောအချက်များသည် ချီလိုက်သောအစကို မည်သို့အထောက်အကူပြုပုံ၊ အချက်အလက်များကိုစုစည်းပြီး အာဘော်ပေါ်လွင်အောင် မည်သို့ အဆုံးသတ်လိုက်ပုံတို့ကို လေ့လာပါ။

(ဂ) **စာရေးနည်းလေးမျိုး** - စကားပြေတစ်ပုဒ်ကိုလေ့လာရာတွင် စာရေးနည်းလေးမျိုးအနက် မည်သည့်ရေးနည်းဖြင့် ရေးသားထားသည်ကို စိစစ်လေ့လာပါ။

**စာရေးနည်းလေးမျိုးမှာ**

(၁) **သရုပ်ဖော်ရေးနည်း** - သက်ရှိသက်မဲ့တို့၏ ပုံပန်းသဏ္ဌာန်တို့ကိုလည်းကောင်း၊ အရောင်အဆင်းတို့ကိုလည်းကောင်း၊ အသံတို့ကိုလည်းကောင်း စာဖတ်သူစိတ်၌ မြင်ယောင်ကြားယောင်လာအောင် ရေးသားသောနည်း

DBE BOA - Copyright Protected

(၂) **ဖြစ်စဉ်ပြရေးနည်း** - ရုပ်အမူအရာတို့၏ လှုပ်ရှားနေပုံကိုလည်းကောင်း၊ ဖြစ်ပျက်နေကြပုံကိုလည်းကောင်း ပေါ်လွင်လာအောင်လှုပ်ရှားမှု၊ အဖြစ်အပျက်တို့၏ ဖြစ်စဉ်အတိုင်း ရေးသားသောနည်း

(၃) **ဖွင့်ဆိုရှင်းပြရေးနည်း** - လုပ်ငန်းတစ်ခုအကြောင်းကိုဖြစ်စေ၊ ပြဿနာတစ်ခု အကြောင်းကိုဖြစ်စေ၊ ကိစ္စတစ်ခုအကြောင်းကိုဖြစ်စေ စာဖတ်သူ နားလည်သဘောပေါက်အောင် ရှင်းလင်းဖွင့်ဆို ရေးသားသောနည်း

(၄) **ကျိုးကြောင်းပြရေးနည်း** - သိအပ်သောအချက်တစ်ခုကို ထင်ရှားလာအောင် အကျိုးအကြောင်းဖော်ပြ၍ ရေးသားသောနည်း

တို့ဖြစ်ကြသည်။ စကားပြေတစ်ပုဒ်တွင် မည်သည့်ရေးနည်းဖြင့် ရေးသားသည်ကို ဖော်ထုတ်ကြည့်သင့်သည်။

ရေးနည်းလေးမျိုးသည် တစ်သီးတခြားစီရှိနေသည်မဟုတ်ဘဲ၊ စာတစ်ပုဒ်တည်းတွင် အကြောင်းအရာကိုလိုက်၍ အရောရောအနှောနှောဖြစ်နေတတ်သည်။ အများအားဖြင့် သရုပ်ဖော်ရေးနည်းနှင့် ဖြစ်စဉ်ပြရေးနည်းတို့သည်လည်းကောင်း၊ ဖွင့်ဆိုရှင်းပြရေးနည်းနှင့် ကျိုးကြောင်းပြရေးနည်းသည်လည်းကောင်း ထွေးရောယှက်တင်ဖြစ်နေတတ်သည်။ အလေးကဲမှုကို ကြည့်၍ ရေးနည်းကို သတ်မှတ်ဖော်ထုတ်ခြင်းဖြစ်သည်။

(ဃ) **သဒ္ဒါလင်္ကာရနှင့် အတ္ထာလင်္ကာရ** - သဒ္ဒါလင်္ကာရသည် စကားတန်ဆာဆင်ခြင်း ဖြစ်သည်။ စကားပြေတွင် စာဖတ်သူနားလည် နှစ်သက်အောင် စကားသုံးတတ်ခြင်း၊ ဝါကျဖွဲ့တတ်ခြင်းသည် သဒ္ဒါလင်္ကာရဖြစ်သည်။ သဒ္ဒါလင်္ကာရတွင် ဂုဏ်များကို လေ့လာသည်။ စကားပြေကို လေ့လာရာတွင် ကျစ်လျစ်သိပ်သည်းစွာ စကားတို့ကို ဖန်တီးနိုင်ခြင်းဟူသော ဩဇဂုဏ်နှင့် ရှင်းလင်း၍ ပြေပြစ်ချောင်သော ဝါကျဖွဲ့နိုင်ခြင်းဟူသော ပသာဒဂုဏ်တို့ကို ဖော်ထုတ်လေ့လာပါ။

အတ္ထာလင်္ကာရသည် အနက်တန်ဆာဆင်ခြင်းဖြစ်သည်။ အတ္ထာလင်္ကာရတွင် အလင်္ကာများကို လေ့လာသည်။ စကားပြေပါအရေးအသားတို့ကို ကျောင်းသင်အလင်္ကာ ၅ မျိုးဖြစ်သော ဝင်္ကဝုတ္တိ အလင်္ကာ၊ ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ၊ အတိသယဝုတ္တိအလင်္ကာ၊ မြည်သံစွဲအလင်္ကာတို့ဖြင့် စိစစ်လေ့လာပါ။ အလင်္ကာကိုလေ့လာရာတွင် စကားပြေ၏အာဘော်၊ စကားပြေ၏ ဆိုလိုချက်ကို ထက်ထက်မြက်မြက်ဖြစ်အောင် ပို့ဆောင်ပေးသော အဆင်တန်ဆာ

DBE BOX - Copyright Protected

အဖြစ် သင်ယူသင့်သည်။ စကားပြေအာဘော်နှင့် အဆက်အစပ်မရှိဘဲ အလင်္ကာစကားချည်း သက်သက်ကို ကွက်၍လေ့လာသင်ယူခြင်းကို ရှောင်ကြဉ်သင့်သည်။

(င) **ရသသဘော** - စကားပြေပါ ရသတို့ကို ရသ ကိုးပါးဖြင့် ဖော်ထုတ်ပါ။ ရသကိုးပါးမှာ -ချစ်ခင်မှုဆိုသောသိင်္ဂါရရသ၊ ရယ်ရွှင်မှုဆိုသော ဟဿရသ၊ ကြင်နာမှုဆိုသော ကရုဏာရသ၊ ရက်စက်မှုဆိုသော ရုဒ္ဒရသ၊ ရဲဝံ့စွန့်စားမှုဆိုသော ဝီရရသ၊ ကြောက်ရွံ့မှုဆိုသော ဘယာနကရသ၊ မုန်းတီးမှုဆိုသော ဝိဘစ္ဆရသ၊ အံ့ဩမှုဆိုသော အဗ္ဘုတရသ၊ တင်းတိမ်ရောင့်ရဲမှုဆိုသော သန္တရသတို့ဖြစ်ကြသည်။

စာတစ်ပုဒ်တွင် ဤအရသာမျိုး တစ်မျိုးသော်လည်းကောင်း၊ အများသော်လည်းကောင်း ပါဝင်နေသည်ကို တွေ့ရမည်။ စကားပြေလေ့လာသည့်အခါ ဤအချက်ကို သတိပြုဖော်ထုတ်ပါ။

**နည်းလမ်းငါးရပ်**

(၁) **ပူးပေါင်းဆောင်ရွက်ခြင်း** - သင်ခန်းစာများသင်ယူရာတွင် ကျောင်းသားများသည် အတန်းဖော်များနှင့် အုပ်စုဖွဲ့ပြီးအတွေးအခေါ်များမျှဝေခြင်း၊ အဖြေများအတူရှာဖွေခြင်းတို့ကို လုပ်ဆောင်မည်။ စကားပြေသင်ခန်းစာများကို အပြန်အလှန်ပြောဆိုခြင်း၊ စကားဝိုင်းဆွေးနွေးခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အသိအမြင်ဖလှယ်ခြင်း၊ စကားပြေအရေးအသားဆိုင်ရာများ ဆွေးနွေးခြင်း၊ စုပေါင်းရေးသားခြင်း၊ လက်တွေ့ရေးသားထားသည်ကို အပြန်အလှန်စစ်ဆေးအကြံပေးခြင်း တို့ကိုဆောင်ရွက်မည်။

(၂) **ဆက်သွယ်ပြောဆိုခြင်း** - မြန်မာစကားပြေကို တစ်ဦးနှင့်တစ်ဦးဆက်သွယ်ရေးသားရာတွင် အသုံးချဆက်သွယ်ရေးကိရိယာအဖြစ် ထိထိရောက်ရောက်အသုံးပြုနိုင်ရန် ရည်မှန်းထားသည်ဖြစ်ရာ စကားပြေအရေးအသားမှန်ကန်စေခြင်း၊ စကားပြေပါအကြောင်းအရာနှင့် သုတရသများ ဖော်ထုတ်စေခြင်းတို့ကို ပြုလုပ်မည်။ ထိုသို့ပြုလုပ်ရာတွင် ရေးသားခြင်း၊ ပြောဆိုဆွေးနွေးခြင်း၊ ရွတ်ဖတ်ခြင်း၊ နားထောင်ခြင်း စသည့်ဆက်သွယ်မှုဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေမည်။

(၃) **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း** - စကားပြေလေ့လာဖတ်ရှုပြီးနောက် ရရှိလာသည့် စကားပြေအရေးအသားဆိုင်ရာပြဿနာများ၊ သုတရသ စာပေလေ့လာမှုဆိုင်ရာ ပြဿနာများကို အဖြေရှာခြင်း၊ တင်ပြခြင်း၊ လေးနက်စွာ ဆွေးနွေးခြင်းတို့ကို ပြုလုပ်ရမည်။

DBE BOX - Copyright Protected

(၄) **တီထွင်ဖန်တီးခြင်း** - စာအရေးအသားကို မှန်ကန်ချောမွေ့ပြေပြစ်စွာ ဖန်တီးရေးသားတတ်စေရန် သင်ယူမည်။ မိမိကိုယ်တိုင် စကားပြေကောင်းတစ်ပုဒ်ဖြစ်လာစေသည့် အတွေးအခေါ်၊ စိတ်ကူးစိတ်သန်း ဆန်းသစ်မှုတို့ကို ဆန်းစစ်လေ့လာပြီး စကားပြေကောင်းတစ်ပုဒ် ဖန်တီးရေးသားနိုင်စေမည်။

(၅) **နိုင်ငံသားကောင်းဖြစ်ခြင်း** - သုတရသ စကားပြေများကို လေ့လာဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတကြွယ်ဝ၍ ဆင်ခြင်တုံတရားရှိသည့် လူသားကောင်းတစ်ယောက် ဖြစ်လာစေမည်။ အသိပညာနှင့် ဆင်ခြင်တုံတရားပြည့်ဝပြီး လူ့အဖွဲ့အစည်းအတွင်း၊ နိုင်ငံတစ်နိုင်ငံအတွင်း ဘာသာစကားစွမ်းရည်ကို မှန်ကန်ထိရောက်စွာ အသုံးပြုနိုင်ခြင်းသည် နိုင်ငံသားကောင်းဖြစ်စေရန် အရင်းခံကျသောအချက်တစ်ရပ်ပင်ဖြစ်သည်။ မိမိ မိသားစုအတွင်း၊ ကျောင်းလူမှုအဖွဲ့အစည်းအတွင်း၊ ရပ်ရွာဒေသအဖွဲ့အစည်းအတွင်း၊ နိုင်ငံလူ့အဖွဲ့အစည်းအတွင်း ချစ်ကြည်ရင်းနှီးရန်၊ အပြန်အလှန် နားလည်မှုရှိရန်၊ အသိပညာ ဗဟုသုတမျှဝေဖလှယ်ရန်၊ ကူးသန်းသွားလာ ကုန်စည်ဖလှယ်ရန် အများနားလည်နိုင်သည့်ဘာသာစကားကို ကောင်းမွန်မှန်ကန်စွာ အသုံးပြုကြရသည်။ မြန်မာစာကျောင်းသုံးဖတ်စာကို မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်း နိုင်ငံသားကောင်းဖြစ်ရန် လိုအပ်ချက်ဖြစ်သော မြန်မာဘာသာစကားကျွမ်းကျင်ထိရောက်၊ မှန်ကန်စွာအသုံးပြုနိုင်စေရန် မျှော်မှန်းသင်ယူရမည်ဖြစ်သည်။

## စာသင်နှစ်အဆုံးတွင် သိရှိသွားပြီး လုပ်ဆောင်နိုင်မည့်ရလဒ်များ

ဒသမတန်းစိတ်ကြိုက်မြန်မာစာ၊ မြန်မာစကားပြေကျောင်းသုံးစာအုပ်ကို သင်ယူပြီးသောအခါ ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

စကားပြေ၏သဘောသဘာဝ သိရှိနားလည်ပြီး စကားပြေကောင်းတစ်ပုဒ်ကို စီစဉ်ရေးသားတတ်လာမည်။ စကားပြေအမျိုးအစားများထဲမှ ဆောင်းပါး၊ ခရီးသွားစာပေ၊ ရသစာတမ်း၊ အတ္ထုပ္ပတ္တိစာပေတို့၏ သဘောသဘာဝကွဲပြားပုံကိုသိမြင်လာပြီး သက်ဆိုင်ရာအမျိုးအစားအလိုက် ရေးသားတတ်သော အလေ့အကျင့်များ ရရှိလာမည်။

စကားပြေ၏ရည်ရွယ်ချက်ကိုလိုက်၍ သုတစကားပြေ၊ သုတရသစကားပြေ၊ ရသစကားပြေတို့ကို ခွဲခြားသိမြင်လာမည်။ သုတစကားပြေများမှသုတအသိများ ကျယ်ပြန့်လာ၍ စာတွေ့၊ လက်တွေ့အသုံးချတတ်လာမည်။ ရသစကားပြေများ၏ ရသခံစားမှုမှတစ်ဆင့် လူ့သဘောလူ့သဘာဝများကို သတိပြုမိ၍ လက်တွေ့ဘဝတွင် ဆန်းစစ်သုံးသပ်တတ်လာမည်။ ကျောင်းသားတို့သည် သုတစကားပြေကို

DBE BOX - Copyright Protected

လေ့လာခြင်းဖြင့် အသိအမြင်ကြွယ်ဝလာပြီး ရသစကားပြေကို လေ့လာပြီးသည့်အခါ ကျောင်းသားတို့သည် မိမိဘဝပတ်ဝန်းကျင်ကို ခံစားမှုအသိဖြင့် သတိမူမိ၍ အမှားအမှန်၊ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကို သဘောပေါက်လာနိုင်မည်။ ထိုမှတစ်ဆင့် ဘဝအသိ ဘဝအမြင်များရရှိကာ လူ့လောကတွင် တွေးခေါ်မြော်မြင်တတ်သော၊ စာနာနားလည်တတ်သော၊ လူပီသသော နိုင်ငံသားကောင်းများ ဖြစ်လာမည်။

DBE BOX - Copyright Protected

# အခန်း – ၁

# စကားပြေ၏ သဘောသဘာဝ

**စကားပြေဟူသည်မှာ**

"ကဗျာကာရန်ကို လုံးဝမသုံးဘဲဖြစ်စေ သုံးလျှင်လည်း ကဗျာကဲ့သို့ စနစ်တကျမသုံးဘဲ ပြေပြစ်စွာ ရေးသားထားသောစာမျိုးကို ဆိုလိုသည်။"

စကားပြေရေးသားရာတွင် မိမိပြောဆိုလိုသော အကြောင်းအရာကို သူတစ်ပါး၏ စိတ်နားသို့ ရောက်အောင် မှန်မှန်ကန်ကန်၊ တိတိကျကျ၊ ရှင်းရှင်းလင်းလင်း၊ ပြေပြေပြစ်ပြစ်နှင့် ရေးသားနိုင်ရန် လိုပါသည်။ ထိုသို့ရေးသားနိုင်ခြင်းသည်ပင် စကားပြေ၏ဂုဏ် ဖြစ်သည်။

စကားပြေဖြင့် အသိပညာပေးသော စာ(သုတစာပေ)၊ စိတ်ခံစားမှုကိုပေးသော စာ(ရသစာပေ) တို့ကို ဖန်တီးနိုင်သည်။ မည်သည့်စာကိုရေးသည်ဖြစ်စေ စာရေးသူ၏ ရည်ရွယ်ချက်ကို ရောက်အောင် ပို့ဆောင်မည့် အကြောင်းအရာရှိရမည်။ ထိုအကြောင်းအရာကို ပေါ်လွင်ထင်ရှားစေမည့် စကား အသုံးအနှုန်းရွေးချယ်မှု၊ ဝါကျအထားအသိုမှန်ကန်မှု၊ စာပိုဒ်တည်ဆောက်မှုတို့က ဆီလျော်ရမည်။ သို့မှသာ အချိတ်အဆက်မိမိနှင့် မိမိပြောလိုရင်း ရည်ရွယ်ချက်ကို စာဖတ်သူက ရှင်းရှင်းလင်းလင်း နားလည်နိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် အကြောင်းအရာနှင့် အရေးအဖွဲ့ သဟဇာတဖြစ်မှသာ စကားပြေကောင်းတစ်ပုဒ် ဖြစ်လာနိုင်ပေသည်။

စကားပြေကဏ္ဍတွင် ဖော်ပြထားသော ရာဇကုမာရ်ကျောက်စာနှင့် ပညာစကားပြေတို့သည် ပုဂံခေတ်၊ အင်းဝခေတ်အခါကတည်းက မြန်မာစကားပြေတို့၏ဖွံ့ဖြိုးတိုးတက်မှု အထောက်အထား တစ်ရပ်ဖြစ်သည်။ အကြောင်းအရာနှင့်လိုက်ဖက်သော စကားအသုံးအနှုန်း ရွေးချယ်မှု၊ ဝါကျ ရှင်းလင်းပြေပြစ်မှု၊ ရည်ရွယ်ချက်ရောက်အောင် စည်းရုံးခေါ်ဆောင်သွားနိုင်မှုတို့ကို ယင်းစကားပြေ တို့တွင် တွေ့နိုင်ပါသည်။

**ရွေးချယ်ချက်**

၁။ ရာဇကုမာရ်ကျောက်စာ

၂။ ပညာ

DBE BOX - Copyright Protected

## ရာဇကုမာရ်ကျောက်စာ

ဤ ။ နမောဗုဒ္ဓါယ။ ဘုရားသခင် သာသနာ အနှစ်တစ်ထောင့်ခြောက်ရာနှစ်ဆယ့်ရှစ်နှစ် လွန်လေပြီးရကား။ ဤအရိမဒ္ဒနပုရ်မည်သော ပြည်၌အား ဂြိတြိဘုဝနာဒိတျဓမ္မရာဇ်မည်သောမင်းဖြစ်၏။ ထိုမင်း၏ ပယ်မယား တစ်ယောက်သောကား တြိလောကဝဋံသကာဒေဝီမည်၏။ ထိုပယ်မယား သား တစ်မူလည်း ရာဇကုမာရ်မည်၏။ ထိုမင်းကား ကျွန်သုံးရွာတည်း ပယ်မယားအားပေး၏။ ထိုပယ်မယားသေခဲ့ရကား။ ထိုပယ်မယားတန်ဆာနှင့် ထိုကျွန်သုံးရွာသောနှင့်တည်း ထိုပယ်မယားသား အသား ရာဇကုမာရ်မည်သောအား မင်းပေးတုံ၏။ ထိုမင်း အနှစ် နှစ်ဆယ့်ရှစ်နှစ် မင်းမူပြီး၍၏ သေခမူနာသရော၌တည်း။ ထိုရာဇကုမာရ်မည်သော ပယ်မယား သား မိမိကိုမွေးသော မင်းကြီးကျေးဇူး အောက်မေ့မိရကား။ ရွှေအတိသော ဘုရားသခင် အဆင်းပြု၍၏ နှပ်လေသရောတည်း။ ဤသို့မိန့်၏။ ဤရွှေဘုရားကား ငါ့သခင်အဖို့ အတို့ကျွန်ပြုသောတည်း။ ကျွန်သုံးရွာ အတို့ကျွန် ငါ့သခင်ပေးသောသည်ကား ဤရွှေဘုရားအား အတို့ကျွန်ပေး၏။ ထိုရောတည်း မင်းနှစ်ကျို့ရကား ကောင်းလှင့်တည်း ကောင်းလှင့်တည်း မိန့်၍၏။ သင်ဂြီမဟာထေရ်၊ သင်ဂြီမောဂ္ဂလိပုတ္တတိဿထေရ်၊ သင်ဂြီသုမေဓပဏ္ဍိုတ်၊ သင်ဂြီဗြဟ္မပါလ်၊ သင်ဂြီဗြဟ္မဒိဝ်၊ သင်ဂြီသောန်။ သင်ဂြီသယ်သေနဝရပဏ္ဍိုတ်။ ထိုသခင်တို့ အမှောက်တည်း မင်းရေသွန်း၏။ ထိုပြီးရကား ထိုရာဇကုမာရ်မည်သော ပယ်မယားသား အသား ထိုရွှေဘုရား ထာပနာ၍၏။ ဤရွှေအထွတ်မူသော ဂူပြု၏။ ပြုပြီးရကား ဤဂူဘုရား လွှတ်သရော၌တည်း။ သက်မုနလွန်တစ်ရွာ၊ ရပါယ်တစ်ရွာ။ ဟန်ဗိုဝ်တစ်ရွာ၊ ဤကျွန်သုံးရွာ ယူ၍၏။ ထိုရာဇကုမာရ်မည်သော ပယ်မယားသား ဤဂူဘုရားအား ရေသွန်း၍၏ ဤသို့မိန့်၏။ ဤငါ့အမှုကား သဗ္ဗညုတဉာဏ်ပညာရအံ့သောအကြောင်း ဖြစ်စေသတည်း။ ငါ့နောင်အား ငါ့သားလည်းကောင်း။ ငါ့မြေးလည်းကောင်း။ ငါ့အဆွေလည်းကောင်း။ သူတစ်ထူးလည်းကောင်း။ ဤဘုရားအား ငါလှူခဲ့သော ကျွန်အနှိပ်အစက်တည်း မူမုကား အရိမေတ္တေယျ ဘုရားသခင် အဖူးရစေ။

**တိုင်းရင်းမြန်မာကျောက်စာ**

### လေ့ကျင့်ခန်း

၁။ "ရာဇကုမာရ်ကျောက်စာ"သည် ကျောက်စာ၏အင်္ဂါရပ်များနှင့်အညီ ရေးထိုးထားသည့် ကျောက်စာတစ်ချပ်ဖြစ်ကြောင်း ဆွေးနွေးတင်ပြပါ။

၂။ "ရာဇကုမာရ်ကျောက်စာ"၏စကားပြေရေးဖွဲ့ထားပုံကိုတင်ပြပါ။

၃။ "ရာဇကုမာရ်ကျောက်စာ"မှ မျက်မှောက်ခေတ်နှင့်မတူသော ပုဂံခေတ်အသုံးအနှုန်းများကိုဖော်ပြပါ။

၄။ "ရာဇကုမာရ်ကျောက်စာ"စကားပြေလာ ပုဂံခေတ်ဦး ဝါကျဖွဲ့ဟန်ကို လေ့လာတင်ပြပါ။

၆။ "ရာဇကုမာရ်ကျောက်စာ"ကိုမည်သည့်အတွက် သုတရသစကားပြေဟုဆိုနိုင်သနည်း။

DRE BOX - Copyright Protected

## ပညာ

ပညာဖြင့် အသက်မွေးသောသူ၏ အသက်ရှင်ခြင်းသည်လျှင် မြတ်သောအသက်ရှင်ခြင်း မည်၏။ ဟု ဖြေဆိုရာ၌ ပညာဟူသောကား အပြစ်အကျိုးကို ခွဲခြမ်းနိုင်ခြင်းဉာဏ်တည်း။ ပညာဖြင့် အသက်မွေး၏ ဟူရာ၌သော်ကား အပြစ်မရှိသော မကောင်းသော အလုပ်အကြံ၊ အပြစ်ရှိသော ဆေးဝါးမန္တန်အတတ်ဟူသမျှတို့ကိုလျှင် ကြဉ်၍ အပြစ်မရှိကျင့်သသူကား တရားနှင့်လျော်စွာ အသက်မွေး သည်မည်၏။ တရားနှင့်လျော်စွာ အသက်မွေးသောသူကိုလျှင် ပညာဖြင့်အသက်မွေးသသူ ဟူ သတည်း။ တရားနှင့်မလျော် အသက်ရှင်၏။ တရားကိုကျင့်လျက်သေ၏။ ထို ရှင်သသူထက် သေ သသူမြတ်၏။ တရားနှင့်မလျော် အသက်ရှင်သည်တည်းဖြစ်မူကား အပြစ်အတိရှိ၍ မကောင်းမှုကို ဆည်းပူးလျက်သေ၍ အပါယ်လေးပါး၌ ဦးမပြူနစ်လေ၍ ဘုရားတို့သော်လည်း ရေတွက်နိုင်ခဲသော ဆင်းရဲကို ခံရလိမ့်သတည်း။ တရားနှင့်မလျော် အသက်ရှင်သောအခါကား အတိုသာဖြစ်စေဦး။ ထို အတို၌ပြုသော မကောင်းမှုကြောင့်သော်တစ်မူကား အတိုင်းမသိသော ဆင်းရဲတာရှည်၏။

သူ့စီးပွား၊ မိမိစီးပွားကို မသိသောသူကား မျက်စိနှစ်ဖက်လုံး ချို့သည်မည်၏။ မိမိစီးပွားကို သာသိ၍ သူ့စီးပွားကို မသိသသူကား မျက်စိတစ်ဖက်ချို့သည်မည်၏။ နှစ်ပါးစုံကို သိသသူကား မျက်စိနှစ်ဖက်ရှိသည်မည်၏။ ဤသို့မျက်စိနှစ်ဖက်ရှိသောသူကား လူလည်းအိမ်ထောင်အမှု၌ လံ့လ အထအကြွရှိသောအကျင့်၊ ပဥ္စသီဆောက်တည်သောအကျင့်၊ ဥပုသ်ဆောက်တည်သောအကျင့်၊ ဤသို့အကျင့်အစရှိသော ဆိုခဲ့ပြီးသော ကုသိုလ်ဆယ်ပါးတရားကိုကျင့်လျက် အသက်မွေးသည်လျှင် ပညာဖြင့် အသက်မွေးသည်မည်သတည်း။ ရဟန်းတုံသော်လည်း သီတင်းလေးပါးအစရှိသော သီလ ဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိနှစ်ပါးကို ပြီးစေ၍ ဝိပဿနာဉာဏ်ဆယ်ပါးကို စီးဖြန်းလျှင်ရဟန်းကောင်းအကျင့် ကို ကျင့်၍ ပညာဖြင့်အသက်မွေးသည် မည်သတည်း။ ဤသို့လျှင်တည်း လူ့အကျင့်၊ ရဟန်းအကျင့် ကို ကျင့်၍ အသက်မွေးသောသူလျှင် အသက်မွေးသောသူဟူသမျှထက် မြတ်သည်ဟု သဗ္ဗညုဘုရား ဖြေတော်မူသတည်း။

**ရှင်မဟာသီလဝံသ**

### လေ့ကျင့်ခန်း

၁။ "ပညာ" စကားပြေသည် မည်သည့်အကြောင်းအရာများကို ရေးသားထားသနည်း။

၂။ "ပညာ" စကားပြေ၏ ရည်ရွယ်ချက်ကို ဖော်ပြပါ။ ထိုရည်ရွယ်ချက်ရောက်အောင် အကြောင်းအရာ များကို မည်သို့စည်းရုံးပုံဖော်သွားသနည်း။

၃။ "ပညာ" စကားပြေကောက်နုတ်ချက်တွင် မည်သည့်စာရေးနည်းများကို တွေ့ရသနည်း။

၄။ "ပညာ"စကားပြေမှ အင်းဝခေတ် စကားအသုံးအနှုန်းများကို လေ့လာတင်ပြပါ။

၅။ သင်နှစ်သက်ရာ စာရေးနည်းများကိုအသုံးပြု၍ သင်၏တစ်နေ့တာဆောင်ရွက်ချက်များအကြောင်း ကို ရေးသားပါ။

DREBOX - Copyright Protected

## အခန်း – ၂
## ဆောင်းပါး၏ သဘောသဘာဝ

**ဆောင်းပါးဟူသည်မှာ**

"သတင်းစာ၊ မဂ္ဂဇင်းစသည်တို့တွင် ဖော်ပြသည့် ဗဟုသုတဆိုင်ရာ စာတမ်းဖြစ်သည်။" ဆောင်းပါးသည် အကြောင်းအရာတစ်ရပ်ရပ်ကို ဖတ်ချင်စဖွယ်ဖြစ်အောင် စကားပြေဖြင့် ရေးသားထားသောစာဖြစ်သည်။

ဆောင်းပါးတစ်စောင်ကို ဖတ်ရှုလိုက်ပါက ဖတ်ချင်စဖွယ် ရှင်းရှင်းလင်းလင်းရှိခြင်း၊ အချက်အလက် တိကျသေချာခြင်း၊ အကြောင်းအကျိုး ခိုင်လုံမှုရှိခြင်း၊ အထောက်အထား ခိုင်မာခြင်း၊ မတိုမရှည် အလောတော်ဖြစ်ခြင်း၊ ဝါကျမရှည်လွန်းခြင်း၊ စာလုံးပေါင်းနှင့် သဒ္ဒါအထားအသိုမှန်ကန်ခြင်း တို့ကို စာဖတ်သူက သတိပြုမိလာမည်ဖြစ်သည်။

ဆောင်းပါးကဏ္ဍတွင် ဖော်ပြထားသော အဖိုးအတန်ဆုံးသောအရင်းအနှီးနှင့် အိပ်စက်နားနေခြင်း ဆောင်းပါးတို့သည် စာဖတ်သူတို့ လိုက်နာမှတ်သား ပြုကျင့်ဖွယ်ရာတို့ကို အကျိုးသင့်အကြောင်းသင့် တိုက်တိုက်တွန်းတွန်း ညွှန်ပြပေးနေသော လမ်းညွှန်ဆောင်းပါးများဖြစ်သည်။ ထိုဆောင်းပါးတို့က စာဖတ်သူတို့ကို ဆောင်ရန်ရှောင်ရန် အချက်များနှင့် မည်သို့ဆောင်ရွက်သင့်သည်များကို ပြေပြေပြစ်ပြစ် ပြောဆိုအကြံပြု တိုက်တွန်းနေကြောင်း တွေ့ရပေမည်။

**ရွေးချယ်ချက်**

၁။ အဖိုးအတန်ဆုံးသောအရင်းအနှီး

၂။ အိပ်စက်နားနေခြင်း

DBE BOX - Copyright Protected

## အဖိုးအတန်ဆုံးသော အရင်းအနှီး

အချိန်သည် အဖိုးမဖြတ်နိုင်သော အရင်းအနှီးဖြစ်လေသည်။ ထိုအရင်းအနှီးနှင့် ကျန်းမာခြင်း တည်း ဟူသော အရင်းအနှီးကို ရသူတို့မှာ ငွေအရင်းအနှီး၊ ပညာအရင်းအနှီးရဖို့ရန် မခက်။ စွဲမြဲသော ဆန္ဒနှင့် စိတ်၏တန်ခိုးကို ယုံကြည်ဖို့သာ လိုလေသည်။

နပိုလီယံသည် ဝယ်လင်တန်ကို တိုက်ဖို့ရန် ဝါတာလူးစစ်ပွဲသို့ ရောက်သောအခါ နေဝင်တော့မည့် ညအချိန်ဖြစ်၍ နောက်ကျနေခဲ့၏။ ထိုအခါ စစ်မြေပြင်၌ရပ်ကာ နေမင်းကိုကြည့်လျက် "ယနေ့အတွက် ၂ နာရီလောက် အသင့်ကို ငါတား၍များရလျှင် လောက၌ ဘာမဆို ငါပေးနိုင်ပါရဲ့" ဟု ညည်းတွားလေသည်။

ဤစစ်ပွဲသည် နပိုလီယံ၏ ဘုန်းမီးကို အပြီးတိုင်ငြိမ်းစေသော စစ်ပွဲပေတည်း။

ဤလူမျိုးတွေ အဘယ်မျှလောက်များကြပါသနည်း။ နောက်ကျမှနောင်တရကြသူတွေ မရေမတွက်နိုင်ကုန်။ အသက်တည်းဟူသော နေရောင်၏ အဆုံးနားကျခါမှ လွန်ခဲ့သော အချိန်များကို ပြန်၍မျှော်ကာ ဝင်လုဆဲနေရောင်သည် လွန်ခဲ့သော တောင်ထွတ်တောင်ထိပ်ကို အလင်းရောင်ဖြင့် ပြန်လှန်ရှုစား နှုတ်ဆက်သည့်အလား ထိုတောင်ထွတ်များကို ငါရောက်အောင် မတက်မိလေခြင်းဟု ကြီးစွာနောင်တရသူတို့သည် နောင်တမလွန်ဘဝ၌လည်း ထိုနည်းတူစွာ နောင်တရကြမည့် အထုံအလေ့ကို မိမိတို့နှင့်အတူ မကွဲမကွာ ဆောင်ယူသွားကြရမည်သာတည်း။

လူတို့၏ သက်တမ်း၌ လုပ်ဖို့ ကြံဖို့ရန် နာရီပေါင်း ၃၅၀၀၀ သာရှိ၏။ ထိုနာရီများ၏ မိနစ်တိုင်း စက္ကန့်တိုင်း ပုလဲလုံး၊ ပတ္တမြားလုံးများလို အဖိုးတန်သည်ဟု ယုံကြည်ကာ မပျောက်မရှုရအောင် အထူးသတိပြု စောင့်ထိန်းအပ်လှပေသတည်း။ ထိုရတနာများသည် အသင်၌ အဖိုးအခမဖြတ်နိုင်သော အရင်းအနှီး ဖြစ်ကြလေသည်။

ယခုခေတ်သမယ တိုးတက်သော နည်းတို့ဖြင့် ပစ္စည်းများကို လုပ်ကိုင်ရောင်းချသူများသည် အချိန်ကို မလစ်ဟင်းစေရအောင် အမြန်ဆုံးသော နည်းများကို အသုံးပြုကြရ၏။

အလုပ်သမားများ လုပ်ကိုင်ရာ၌ အကျိုးမဲ့က အပိုကိုယ်လက်လှုပ်ရှားခြင်းများကိုပင် နည်းနိုင်သမျှ နည်းစေ၍ လက်ကလေးတစ်ချက်လှုပ်ရုံနှင့် စက်ခလုတ်ကိုထိပြီး အလုပ်တွေအများကြီးပြီးအောင် စီမံ၍ထားကြလေသည်။

ဥပမာ လက်ရက်ကန်း၌ချည်ကလေး တစ်မျှင်ကိုခတ်ဖို့ရန် "ဂျောက်ဂျောက်ဂျက်ဂျက် ဂျိန်းဂျိန်း" ဟု လက်ကလေး လေးငါးချက်လောက် လှုပ်ခတ်ရ၏။ ခြေကလည်း နင်းရ၏။ လက်နှစ်ဖက် လှုပ်ရခြင်းကြောင့် ၁၀ ချောင်းလောက် လှုပ်ရှားသည်နှင့် တူညီ၏။ ချည်မျှင်ကလေးတစ်ခုအတွက် ခြေလက်လှုပ်ရှားရခြင်း အပိုအလုပ်တွေ အဘယ်မျှ များပြားပါသနည်း။

DPE BOX - Copyright Protected

ထို့ပြင် လူတစ်ယောက်မှာ တစ်မျိုးတည်းသော အလုပ်ကိုသာ လုပ်ရသဖြင့် လက်နက်ကိရိယာများကို ပြောင်းလဲ၍ ကိုင်ရခြင်းတည်းဟူသော အပိုလှုပ်ရှားခြင်း၊ ဟိုလက်နက်ကို ဟိုနေရာသို့ ပြန်ပို့၊ ထိုလက်နက်ကို ထိုနေရာသို့ သွားယူ၊ အခြားလူတစ်ယောက်က လုပ်၍မပြီးသေးသောကြောင့် စောင့်၍တောင်းရခြင်းတည်းဟူသော အပိုအလုပ်တွေများချေက မိနစ်စက္ကန့် အပိုတွေများစွာ လစ်ဟင်းကုန်ကျဖို့ရာ ရှိလေရာ ထိုကဲ့သို့ အချိန်မဖြုန်းရအောင် စီမံကြရလေသည်။

ကျွန်ုပ်တို့မှာ တစ်သက်အတွင်း ရရှိသောအချိန်သည် မများလှပေ။

ဥပမာ အသက်ခြောက်ဆယ်နေသူမှာ နှစ်ပေါင်းနှစ်ဆယ်က အိပ်ရာ၌ ကုန်လွန်၏။ တိုတောင်းသော သက်တမ်း၌ နှစ်ပေါင်းနှစ်ဆယ်ကို အိပ်၍ပစ်ကြ၏။

စားသောက်ခြင်းအတွက် သုံးနှစ်ကျော်ကုန်၏။ စားပွဲ၌စားသောက်ရာတွင် ပွဲရံအပြောင်းအလဲမှာ စောင့်ဆိုင်းရသော အချိန်က ကိုးလခန့် ကုန်ကျ၏။

အလုပ်အတွက် ၁၇ နှစ်ခွဲမျှ အချိန်ကိုရ၏။ အပျော်အပါးအတွက် ၇ နှစ်ခွဲ ကုန်ကျ၏။ လမ်းလျှောက်ခြင်း၊ ကစားခြင်းအတွက် ခြောက်နှစ်နှင့် ခုနစ်လခန့် ကုန်၏။ ဝတ်စားဆင်ယင်ရေးအတွက် နှစ်နှစ်ခွဲခန့် ကုန်ကျ၏။

တစ်စုံတစ်ရာမျှ မလုပ်ဘဲနေသော အချိန်က ၂ နှစ်ခွဲခန့်ရှိ၏။

သို့ဖြစ်လေရာ ထိုမျှလောက်နည်းသောအချိန်ကို သေချာစွာစဉ်းစားလျှင် လွန်စွာနှမြောဖို့ကောင်းလေသည်။ မည်သူမဆို နာရီကို ဆောင်သင့်၏။ နာရီစက်သံကြားတိုင်း သွားပြီ၊ လွန်ပြီ၊ လွန်ပြီ ဟူသောအကြောင်းကိုသတိရကာ နှမြောရမည်။

သွားသောအချိန်တို့သည် ပြန်၍မလာတော့ပေ။ တစ်နေ့ပြီးတစ်နေ့ မိမိကိုယ်တိုင် စစ်ဆေးရမည်။ ငါမနေ့က အချိန်အဘယ်မျှ ဖြုန်းခဲ့ပါသလဲ။ မနေ့က ဖြုန်းခဲ့သော အချိန်များကို ယနေ့ ငါပြန်၍ ဖာမည်၊ ဖြည့်မည်၊ တစ်ခုခုရအောင်လုပ်မည်။ ပညာလား၊ ဥစ္စာလား၊ အဘယ်အရာကို ရအောင်လုပ်ရမလဲဟူ၍လည်း သို့လောသို့လော တွေးတောခြင်းဖြင့် အချိန်သည် ထပ်၍မကုန်ရအောင် အားလပ်သောအချိန်ဟူသမျှ၌ ဘာကိုလုပ်မည်၊ ဘယ်စာကို ဖတ်မည်ဟု အသင့်စီမံပြီးဖြစ်စေရမည်။

အများတို့မှာ အအိပ်လွန်၏။ အနည်းငယ်လျှော့အိပ်ခြင်းကြောင့် လူမှာတစ်စုံတစ်ရာ မဖြစ်နိုင်၊ အလုပ်လုပ်လွန်းသည့်အတွက် ရောဂါမရနိုင်၊ စိတ်ညစ်မှ ရောဂါရ၏။ အလုပ်လုပ်သူမှာ စိတ်ညစ်စရာ၊ စိတ်ပူစရာတွေ ပေါ်လာခွင့်ရမည်မဟုတ်ပေ။ သို့ဖြစ်လေရာ အလုပ်လုပ်ခြင်းသည် အသက်ရှည်ခြင်း၏ နည်းကောင်းတစ်ခု ဖြစ်လေသည်။

နှစ်ဆယ့်လေးနာရီအတွက် ၇ နာရီကောင်းစွာအိပ်လျှင် လုံလောက်၏။ ကလေးများမှာသာ ပို၍ အိပ်ဖို့လိုလေသည်။

DBEBOX - Copyright Protected

အလုပ်လုပ်သူမှာ အိပ်ရာသို့ အလုပ်ကို စိတ်ဖြင့် ဆောင်ယူရန်မလို။ ဆောင်ယူချေက မအိပ်ဘဲ အိပ်ရာ၌ အချိန်ကို ပိုကုန်ကျပြီး ရောဂါရနိုင်လေသည်။

အချိန်မရှိသည်ဆိုသည်မှာ အချိန်ကို အဖမ်းမတတ်ကြသူများ ဖြစ်ကြ၏၊ အချိန်ရှိသော အခါ၌လည်း မိအောင်ဖမ်းကြမည် မဟုတ်ပေ။ ပျင်းရိခြင်းသည် ခြေလက်ကို တုပ်နှောင်ထားလိမ့်မည်၊ အချိန်ကို ကြပ်ကြပ်တည်းတည်း မရမက ရှာလျက် မိမိဝါသနာပါသော အလုပ်တစ်ခုကိုလုပ်သောသူမျိုးမှာ အခြားကောင်းသော အရည်အချင်းများလည်း ဧကန်ရှိမည်သာတည်း။

တစ်နေ့လျှင် ၁၅ မိနစ်နှင့် အဘယ်မျှလောက် ကြီးကျယ်သောအရာများကို ဖြစ်မြောက်အောင် တတ်နိုင်မည့်အကြောင်းကို စဉ်းစားမိကြပါ၏လော။ ယူနိုက်တက်စတိတ်နိုင်ငံ ဟားဗဒ်သိပ္ပံဥက္ကဋ္ဌကြီး အဲလီကော့က တစ်နေ့လျှင် ၁၅ မိနစ် စာအုပ်ကောင်းများကိုဖတ်လျှင် လေးနှစ်အတွင်း သိပ္ပံပညာနှင့် ညီမျှသော အသိအလိမ္မာပညာကိုရနိုင်သည်ဟု ပြောဖူးလေသည်၊ ၁၅ မိနစ်သည် ထိုမျှလောက် အကျိုးရှိနိုင်ချေက မိနစ် ၃၀၊ ၆၀ မျှ အသုံးပြုလျှင် နှစ်ပေါင်းအနည်းငယ်အတွင်း အဘယ်မျှလောက် ကြီးမားသော ပြောင်းလဲခြင်း၊ တိုးတက်ခြင်း ဖြစ်နိုင်သည်ကို စဉ်းစားပါကုန်။

တစ်နေ့လျှင် မိနစ် ၆၀ သင်က သာမန်ဉာဏ်ရှိသူသည် မကြာမီ ဘာသာစကား နှစ်မျိုးသုံးမျိုးကို တတ်နိုင်သည်။

အဘယ်ပညာမဆို အစမှာသာခက်၏၊ ခက်သောအပိုင်းကလေးကို ကျော်မိသည်နှင့် တစ်ပြိုင်တည်း တံခါးပွင့်လေသည်။

ဂုဏ်ပြင် ပညာတစ်ခုသည် အခြားပညာတစ်ခုအတွက် အကူအညီကိုပေးလေရာ တိုးလေ အတိုးမြန်လေ ဖြစ်လေသည်။

တစ်နေ့လျှင် တစ်နာရီမျှ မိမိကိုယ်ကို တိုးတက်အောင် ကြိုးစားသူတို့မှာ သုံးနှစ်အတွင်း လူသာမန် အနိမ့်စားအဖြစ်မှ အမြင့်စားအဖြစ်သို့ ရောက်နိုင်လေသည်၊

ငွေမှသာ လူကိုမြင့်စေသည်မဟုတ်၊ ပညာရဲရင့် ပွဲလယ်တင့်ဟူသော စကားအရ တကယ် ပညာရဲရင့်သည့်အခါ ငွေရှင်တွေစု၍ ချီးမြှောက်ကြရ၏၊ ထင်ပေါ်လျှင် စင်တော်က ကောက်ရလေသည်၊ အဘယ်မျှလောက်ပင် ဆင်းရဲအောက်ကျစေကာမူ အဟုတ်တကယ် စိတ်အားထက်သန်သောသူသည် အဟုတ်တကယ်ကြီးမြင့်ရမည်။ ကြီးမြင့်စေနိုင်သော လက်နက်အရင်းအနှီးသည် အခြားမဟုတ်၊ ကျွန်ခံရာမှ၊ ကူလီလုပ်ရာမှ အားလပ်သောအချိန် အတိုအစကလေးများပင် ဖြစ်ကြလေသည်၊

ဤကဲ့သို့ အချိန်အတိုအစများ၏ အစွမ်းဖြင့် မိမိကိုယ်ကို တိုးတက်အောင်ပြု၍ တစ်စုံတစ်ရာ၌ အထမြောက်သောအခါ တိုးတက်ရေးအလုပ်၌အားရှိလျက် စိတ်သည်ပိုမို၍ဝင်စားပြီးလျှင် မပင်ပန်းဘဲ

DBEBOX - Copyright Protected

အပျော်ကဲ့သို့ ထိုတိုးတက်ရေးအလုပ်ကို လုပ်ချင်စိတ်ပေါ်၍ လာလိမ့်မည်။ မလုပ်ဘဲနေနိုင်တော့မည် မဟုတ်ပေ။

အချို့သောသူများလည်း မေ့လျော့ပျော်ပါး၍နေရာမှ တစ်ခါတစ်ခါ သတိရပြီး သုံးလ ခြောက်လ၊ တစ်နှစ် အပျော်ကိုရပ်ကာ အပြင်းအထန် ကြိုးစားသဖြင့် ကြီးမြင့်ကြလေသည်။

ထိုလူမျိုးကား မိမိတို့၏ စိတ်ကို အထူးနိုင်သော ပါရမီရှင်များဖြစ်ရာ ၎င်းတို့၏ နည်းကို အတုမယူအပ်ပေ။ အတုယူမိချေက မရပ်နားဘဲ အပျော်ထဲသို့ တစ်လျှောက်တည်း မျောပါနစ်မွန်းမှာ စိုးရလေသည်။

၎င်းကြောင့် ထိုပါရမီရှင်များမှာ သင်ရာ၌ သိလွယ်တတ်လွယ်သော လူမျိုးလည်း ဖြစ်တတ်၏။ အချို့မှာ ဘာကိုမဆို သင်ရလှသည်မရှိ၊ တတ်ပြီးကဲ့သို့ဖြစ်၍ နေကြလေသည်။ ၎င်းတို့မှာ ပေါ့ပေါ့ဆဆနှင့် တတ်ကြလေသည်။

ဤလိုပုဂ္ဂိုလ်များကား ရှား၏။ တစ်ထောင်မှာ တစ်ယောက်သော်မျှ ရှိခဲ၏။ ထိုလူမျိုးမှာ ဉာဏ်တစ်မျိုးလည်း ရှိတတ်၏။ ၎င်းဉာဏ်မှာ အခြားလူများ နှုတ်တိုက်အာဂုံကျက်မှတ် အပြင်းအထန် သင်ကြား၍ထားသည့် အကြောင်းအရာများ၌ ဖတ်ရုံကြည့်ရုံနှင့် စာရသူများအပေါ်တွင် ကိုယ်တိုင်စာ မရဘဲ စာချနိုင်သည့် ဉာဏ်မျိုးဖြစ်လေသည်။

ဤပုဂ္ဂိုလ်မျိုးသည် နည်းပါး၏။ ၎င်းတို့ကို အားကျလျှင် မှားတတ်လေသည်။

ပီမိုးနင်း

## လေ့ကျင့်ခန်း

၁။ "အဖိုးအတန်ဆုံးသော အရင်းအနှီး" ဆောင်းပါးသည် မည်သည့်ဆောင်းပါးအမျိုးအစားဖြစ်သနည်း။ စာရေးသူ၏ ရည်ရွယ်ချက်ကိုဖော်ပြပါ။

၂။ "အဖိုးအတန်ဆုံးသော အရင်းအနှီး" ဆောင်းပါးသည် ဖတ်ချင်စဖွယ်ရှိခြင်း၊ ရှင်းရှင်းလင်းလင်းရှိခြင်း၊ အချက်အလက်တိကျသေချာခြင်းဟူသည့်ရလဒ်နှင့် ကိုက်ညီပါသလား။ ဆန်းစစ်ကြည့်ပါ။

၃။ "အဖိုးအတန်ဆုံးသော အရင်းအနှီး" ဆောင်းပါးသည် စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသို မှန်ကန်ခြင်း ဟူသည့် ဆောင်းပါး အင်္ဂါရပ်နှင့် ကိုက်ညီ မညီ ဆန်းစစ်ကြည့်ပါ။

၄။ "အဖိုးအတန်ဆုံးသော အရင်းအနှီး" ဆောင်းပါးတွင် အသုံးပြုထားသည့် ဝါကျများကို ဆန်းစစ်ကြည့်ပါ။

၅။ "အဖိုးအတန်ဆုံးသော အရင်းအနှီး" ဆောင်းပါးသည် အကြောင်းအကျိုး ခိုင်လုံမှုရှိခြင်း၊ အထောက်အထား ခိုင်မာခြင်းဟူသည့် အင်္ဂါရပ်များနှင့် ပြည့်စုံမှုရှိကြောင်းဆန်းစစ်တင်ပြပါ။



DBE BOX - Copyright Protected

## အိပ်စက်နားနေခြင်း

စောစောအိပ်ထ၊ ပြုကျင့်က၊ တွင်းပကိုယ်ခန္ဓာ။

ရောဂါခပ်သိမ်း၊ ရှောင်ခွာတိမ်း၊ ကင်းငြိမ်း လွန်ကျန်းမာ။

အိပ်စက်ခြင်းသည် နားနေခြင်းပင်ဖြစ်သည်။ နားနေခြင်းသည် အစဉ် အလုပ် လုပ်ရသော ခန္ဓာကိုယ်အတွက် လိုအပ်သော ကိစ္စဖြစ်သည်။ အိပ်ရေးမဝလျှင် နေမကောင်း ထိုင်မသာ ရှိတတ်သည်။ အိပ်ရေးဝသောအခါ အိပ်ရာထတွင် အားပြည့်လျက် ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်းရှိသည်။

သာမန်အားဖြင့် ၂၄ နာရီကြာသော တစ်ရက်တွင် အချိန်အတော်ကြာမှ အိပ်စက်၍ အနားယူကြရသည်မှာ သဘာဝတရားဖြစ်သည်။ နိုးကြားနေသောအခါ မြင်ခြင်း၊ ကြားခြင်း၊ သိခြင်း၊ တွေးခြင်း အစရှိသော အာရုံတို့သည် နိုးကြားလျက်ရှိ၏။ အလုပ်လုပ်လျက် ရှိ၏။ အိပ်နေသော အခါ၌မူ ဦးနှောက်သည် ခဏမျှ အနားယူနေလျက်၊ ပတ်ဝန်းကျင် ဖြစ်ပျက်သမျှအကြောင်းတို့ကို သိမှုပျောက်၍ နေလေသည်။

အိပ်စက်နေသောအခါတွင် လူ၏ဦးနှောက်သည် သေးငယ်သွား၏။ သွေးတိုးအားသည်လည်း လျော့၍သွား၏။ ဦးနှောက်ထဲတွင် သွေးအနည်းငယ် လျော့သွားလျက် ခြေလက်တို့၌ သွေးအရောက် များလာလေသည်။ အိပ်နေစဉ် အသက်ရှူမှုသည် နှေးသွား၏။ နှလုံးခုန်ချက်သည်လည်း နှေးသွား၏။ ကြွက်သားတို့သည် ဖြေလျော့၍သွား၏။ မျက်ခွံနှင့် မျက်နက်ဝန်းတို့ တစ်ဝိုက်ရှိ ကြွက်သားတို့သာ တင်း၍နေပေသည်။

လူတစ်ယောက် အိပ်နေစဉ် အသက်ရှူထုတ်ရာတွင်ပါသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်မှာ နိုးကြားနေစဉ်ကထက် လျော့သွားသည်ကို စမ်းသပ်တွေ့ရှိရ၏။ ဤအချက်ကိုထောက်လျှင် အိပ်နေစဉ်၌ ခန္ဓာကိုယ်ရှိ တစ်ရှူးခေါ် အသားမျှင်တို့သည် နိုးကြားစဉ်ကလောက် အလုပ်မလုပ်ကြဟု၍ သိနိုင်၏။ ထိုအခါတွင် ခန္ဓာကိုယ်မှထွက်သော အပူငွေ့သည်လည်း ထက်ဝက်မျှလျော့၍သွားလေသည်။ ကိုယ်အပူငွေ့နည်းသောကြောင့် အိပ်စက်နားနေစဉ်အတွင်း ခန္ဓာကိုယ်ကို နွေးအောင်ပြုရန် လိုပေသည်။ ဤသို့ အနွေးဓာတ် မပေးနိုင်သော အကြောင်းကြောင့် နယ်သစ်ရှာ အာဇာနည်များ၊ တောကြီးမျက်မည်းတွင် ခရီးထွက်သူများ သေဆုံးတတ်ခြင်းဖြစ်၏။ ထို့ကြောင့် အေးချမ်းစိုစွတ်သော အရပ်များတွင် ခေတ္တခဏစခန်းချနေရသော ခရီးသွားများအတွက် အိပ်နေခြင်းထက် လှုပ်လှုပ်ရှားရှား ပြုနေခြင်းက မိမိကိုယ်အနွေးဓာတ်ကို ဖြစ်ပေါ်စေနိုင်သည်။

အိပ်စက်နားနေခြင်းနှင့် ပတ်သက်၍ ဘာကြောင့် လူများအိပ်ကြရသည် ဟူသော အကြောင်းကို သုတေသီများလေ့လာကြရာ အကြောင်းအမျိုးမျိုးတွေ့ကြရ၏။ ထိုအကြောင်းများစွာထဲတွင် နွမ်းနယ်နေသော ခန္ဓာကိုယ်ကို အနားပေးရန်နှင့် ပျက်စီးသွားသော ခန္ဓာအစိတ်အပိုင်းများကို ပြုပြင်ရန် ဟူသော အချက်ကိုတွေ့ရ၏။ ထို့ကြောင့် လူတို့သည် မအိပ်ရလျှင် မနေနိုင်ဘဲ အလိုလိုအိပ်ပျော်ခြင်းသို့ ရောက်ကြ၏ဟု အဆိုရှိ၏။



DBE BOX - Copyright Protected

လူတစ်ယောက်သည် အဘယ်မျှကြာရှည်စွာ အိပ်စက်ရမည်ဟူသောအချက်မှာ အသက်အရွယ်နှင့် မိမိတို့ တစ်ဦးချင်း လိုအပ်ချက်များနှင့် ညှိ၍ယူရသည်။ ယေဘုယျအားဖြင့်ကား ကလေးငယ်တို့သည် လူကြီးများထက် ကြာရှည်စွာအိပ်စက်ဖို့လို၏။ နုနယ်သော ကလေးငယ်များသည် တစ်နေ့လျှင် ၁၄ နာရီမျှ အိပ်သင့်၏။ အသက်ခုနစ်နှစ်မှ ၁၂ နှစ်အရွယ်ထိ ကလေးတို့သည် တစ်နေ့ ၁၂ နာရီမျှ အနည်းဆုံးအိပ်သင့်၏။ ထိုအရွယ်ထက် ကြီးလာလျှင် အနည်းဆုံး ၁၀ နာရီမျှ နေ့စဉ်အိပ်သင့်၏။ လူကြီးတို့သည် တစ်နေ့ ၇ နာရီမျှ အိပ်သင့်၏။ ယောကျ်ားထက် မိန်းမများက အနည်းငယ်ပို၍ အိပ်သင့်သည်။

ကလေးငယ်တို့သည် စောစောအိပ်ရာဝင်သော အကျင့်ကိုရဖို့လိုသည်။ သူတို့ အရွယ်တွင် ခန္ဓာကိုယ်အရိုး၊ အသားများနှင့် ဦးနှောက်တို့ ဖွံ့ဖြိုးထွားကျိုင်းသောအဆင့်၌ရှိသဖြင့် ထိုသို့ထွားကျိုင်းမှု အရှိန်ပျက်သွားမည်ကို စိုးရိမ်ရလေသည်။ အိပ်စက် နားနေခြင်းနှင့် စပ်လျဉ်း၍ ဂရုစိုက်သင့်သော အကျင့်တစ်ခုမှာ အိပ်ရာမဝင်မီအချိန်ကလေးတွင် အစားအသောက်ကို ဝမ်းဗိုက်တင်းအောင်မစားရန် ဖြစ်သည်။ အိပ်ရာမဝင်မီ သောက်လိုက နွားနို့ပူပူတစ်ခွက်သည် အထူးသင့်လျော်၏။ အိပ်ပျော်စေရန်လည်း အားပေးနိုင်သည်။

ကျောင်းသားကလေးသူငယ်တို့အား ကျောင်းစာများကို ညဦးစောစောပိုင်းတွင် အပြီးကျက်မှတ်စေ၍ စောစောအိပ်ရာဝင်စေသင့်သည်။ သို့တည်းမဟုတ် နံနက်စောစော အိပ်ရာထမှကျောင်းစာကို ကျက်မှတ်စေသင့်သည်။ ဤသို့ အလုပ်ပြီးချိန်နှင့် အိပ်ရာဝင်ချိန်တို့၏ စပ်ကြားတွင် ဦးနှောက်ကို ခေတ္တအနားပေးသင့်၏။ လူကြီးတို့မှာ အိပ်၍မပျော်မီ ဝတ္ထု မဂ္ဂဇင်းဖတ်ခြင်း၊ တေးဂီတများကို နားထောင်ခြင်း သို့မဟုတ် ခရီးတိုတိုလမ်းလျှောက်ခြင်းတို့ကို ပြုလုပ်သင့်သည်။ လူလတ်ပိုင်းအထက် အသက်ကြီးသူတို့၌ နေ့လယ်နေ့ခင်းထမင်းစားအပြီးတွင် တစ်နာရီ နှစ်နာရီမျှ အိပ်စက်ခြင်းဖြင့် အလုပ်အကိုင်တွင်ကျယ်ကာ ကိုယ်ခန္ဓာကျန်းမာရေးကိုလည်း အထူးအားပေးနိုင်သည်ဟု အဆိုရှိသည်။

မျိုးသန့်

**လေ့ကျင့်ခန်း**

၁။ "အိပ်စက်နားနေခြင်း" ဆောင်းပါးမှစာရေးသူ၏ ရည်ရွယ်ချက်ကိုဖော်ပြပါ။

၂။ "အိပ်စက်နားနေခြင်း"ဆောင်းပါးသည် ရှင်းရှင်းလင်းလင်းရှိခြင်း၊ အချက်အလက်တိကျသေချာခြင်းဟူသည့် ရလဒ်နှင့် ကိုက်ညီပါသလား။ ဆန်းစစ်ကြည့်ပါ။

၃။ "အိပ်စက်နားနေခြင်း"ဆောင်းပါးသည် စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသို မှန်ကန်ခြင်းဟူသည့် ဆောင်းပါး အင်္ဂါရပ်နှင့် ကိုက်ညီမညီ ဆန်းစစ်ကြည့်ပါ။

၄။ "အိပ်စက်နားနေခြင်း"ဆောင်းပါးတွင် အသုံးပြုထားသည့် စကားအသုံးအနှုန်းများကို ဆန်းစစ်ကြည့်ပါ။

၅။ "အိပ်စက်နားနေခြင်း"ဆောင်းပါးသည် အကြောင်းအကျိုး ခိုင်လုံမှုရှိခြင်း၊ အထောက်အထား ခိုင်မာခြင်းဟူသည့် အင်္ဂါရပ်များနှင့် ပြည့်စုံမှုရှိကြောင်းဆန်းစစ်တင်ပြပါ။

DBE BOX - Copyright Protected

# အခန်း – ၃
# ခရီးသွားစာပေ၏ သဘောသဘာဝ

**ခရီးသွားစာပေဟူသည်မှာ**

"ခရီးသွားစဉ် ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများအပေါ် အခြေခံပြီး မိမိရောက်ရှိရာ ဒေသ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များ၊ ခြားနားသော ရေမြေသဘာဝများ၊ သိပ္ပံပညာရပ်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ နိုင်ငံရပ်ခြားမှ လူတို့၏ စရိုက်သဘာဝ စသည်တို့ကို သုတရသနှော၍ ရေးဖွဲ့လေ့ရှိသော စာပေဖြစ်သည်။"

ခရီးသွားစာပေရေးဖွဲ့သူတို့သည် မိမိတွေ့ကြုံသမျှကို ခံစားမှုနှင့်ယှဉ်၍ ရေးဖွဲ့လေ့ရှိတတ်သည်။ လှပသော ရေမြေတောတောင်ကို ဖြစ်စေ၊ လှိုင်းထန်လေထန်သော ပင်လယ်ခရီးကို ဖြစ်စေ မိမိ၏ခံစားမှုကိုအရင်းခံကာ ပြောလေ့ရေးလေ့ရှိသည်။ စာရေးသူနှင့် စာဖတ်သူ အတူခရီးသွားနေရသကဲ့သို့ ဖြစ်အောင် ရေးဖွဲ့တတ်ကြသည်။

ခရီးသွားစာပေကို ဖတ်ရှုခြင်းဖြင့် ကျဉ်းမြောင်းသောမိမိပတ်ဝန်းကျင်ကို ကျော်လွန်ကာ ကျယ်ပြန့်သော သူတစ်ပါးတို့၏ လောကကို စိတ်ကူးနှင့်ပင် ခြေဆန့်နိုင်သည်။ ထိုအကျိုးဆက်ကြောင့် မိမိ၏အတွေးအမြင်၊ ဗဟုသုတ၊ အကြံအစည်တို့ ပြောင်းလဲတိုးတက်လာအောင် ဖန်တီးနိုင်သော စိတ်ကူးအသစ် အကြံဉာဏ်အသစ်တို့ ဖြစ်ပေါ်လာနိုင်ပေသည်။

ခရီးသွားစာပေကဏ္ဍတွင် ဖော်ပြထားသော မင်းလတ်နှင့် တောင်တော်ရွှေပုပ္ပား ခရီးသွားဆောင်းပါးတို့သည် ရေကြောင်းခရီးနှင့် ကုန်းကြောင်းခရီးနှစ်ခု၏ အတွေ့အကြုံများကို နှစ်သက်ဖွယ်ဖြစ်အောင် ရေးသားနိုင်ရုံမျှမက ဗဟုသုတအသစ် အတွေ့အကြုံအသစ်နှင့် အတွေးအမြင်အသစ်တို့ကို ပေးစွမ်းနိုင်ပါသည်။ ရေလမ်းခရီးတွင် စုန်ဆန်မျောလိုက်ရင်း ခရီးသွားကြရသော သင်္ဘောစီးခရီးသည်တို့၏ အမူအရာကိုလည်းကောင်း၊ တောင်တော်ရွှေပုပ္ပားကို မမောနိုင် မပန်းနိုင်တက်ကြရင်း သဘာဝပတ်ဝန်းကျင်အလှကို မဖျက်ဆီးရန်နှင့် ထိန်းသိမ်းရန် လူသားတိုင်းတွင် တာဝန်ရှိကြောင်း ညွှန်ပြနေသည်ကို ဖတ်ရှုရမည်ဖြစ်ပေသည်။

**ရွေးချယ်ချက်**

၁။ မင်းလတ်

၂။ တောင်တော်ရွှေပုပ္ပား



DBE BOX - Copyright Protected

# မင်းလတ်

မင်းလတ်ကား မန္တလေးနှင့်ပြည် အပြန်ပြန်အလှန်လှန်သွားနေသော ကူးတို့သင်္ဘော၏ အမည်ဖြစ်၏။ မင်းလတ် ပြည်မြို့သို့ ရောက်သောအကြိမ်ပေါင်းလည်း များလှလေပြီ၊ မန္တလေးမြို့သို့ ပြန်၍ ရောက်သော အကြိမ်ပေါင်းကိုလည်း မရေတွက်နိုင်၊ ယခု မန္တလေးမှထွက်၍လာခဲ့သော အကြိမ်မှာလည်း ထိုမရေမတွက်နိုင်သော အကြိမ်ပေါင်းများစွာတွင် တစ်ကြိမ်မျှသာဖြစ်၏။ ထူးခြားသော အကြိမ်ဟူ၍ကား မဆိုနိုင်။

မန္တလေးမှ နံနက်စောစောထွက်၍ လာခဲ့၏၊ စစ်ကိုင်း အင်းဝစသော ရှေးအခါက ကျော်စောခဲ့ကြသည့် မြို့တော်ဟောင်းများတွင် ဆိုက်ကပ်၏၊ တက်သူတက်၊ ဆင်းသူဆင်း၊ ကူလီတစ်သင်းကလည်း သူ့ငှားပါ၊ ငါ့ငှားပါနှင့် ဆူညံစွာ အော်ဟစ်ကြကုန်၏၊

ထိုမှ လွန်ပြန်လျှင် ရွာသစ်ကြီး၊ ကျောက်တစ်လုံး၊ ငါန်းဇွန်၊ မြင်းမူ အစရှိသော ဝါထွက်ရာ ဆိပ်ကမ်းများတွင် ဆိုက်ကပ်ပြန်၏၊ အချို့ကမ်းတွင် သင်္ဘောကပ်၍ ဆိုက်ရန် သမွန်ကြီးများရှိ၏၊ အချို့ကမ်းတွင်ကား ကမ်းပါးတွင်ထိုး၍ ဆိုက်ကပ်ရလေသည်။ သင်္ဘောသည် ထိုကမ်းပါးအနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် သင်္ဘောအလုပ်သမားလေးယောက် အသီးသီး သင်္ဘောပေါ်မှခုန်၍ ဆင်းကြပြီးလျှင် ကြိုးကြီးတစ်ချောင်းကို ကမ်းခြေသို့ရောက်အောင် ဆွဲယူကြကုန်၏။ ရောက်လျှင် စိုက်ထားအပ်သော တိုင်တို့တွင်ချည်ကြ၏။ သင်္ဘောမှာလည်း ၎င်းကြိုးအားဖြင့် ကမ်းပါးသို့ကပ်၍ သွားရလေသည်၊

ကမ်းပါးပေါ်တွင် သင်္ဘောအလာကို အတောင့်သားစောင့်စား၍နေကြသော လူတို့မှာလည်း ဆူညံလျက်ပင်၊ ကူလီတွေကမရှား။ အပျော်အပါး လာရောက်ရှုစားသူတွေကလည်းရှိ၊ အသိမိတ်ဆွေတို့အား လာရောက်ကာ ပို့ကြသူ ကြိုကြသူတွေကလည်းအများ၊ သင်္ဘောဆိပ်ကမ်းတွင် ကပ်လိုက်သည်နှင့် တစ်ပြိုင်နက် တက်မည့်သူတွေကလည်း တိုး၍တက်ကြ၊ ဆင်းမည့်သူတွေကလည်း တိုး၍ဆင်းကြ၊ ရေထဲကျမှာကိုလည်းစိုးရ ပျော်စရာလည်း မကျတကျ။

ကမ်းခြေတစ်လျှောက်ကို ရှုမျှော်၍ လာပြန်လျှင်လည်း သာယာတင့်တယ် ရှုချင်ဖွယ် ကောင်းလှ၏၊ တောင်ထိပ်တောင်ကုန်းကလေးတွေကို လည်းကောင်း၊ စိမ်းလန်းလျက်နေသော ယာခင်းများကိုလည်းကောင်း၊ တောင်ထိပ်တွေအပေါ်တွင် ဖြူဖြူဖွေးဖွေးစေတီတော်ကလေးတို့ကိုလည်းကောင်း၊ ပျက်စီးယိုယွင်း အိုမင်းလျက်နေကြသော စေတီတော်တို့ကိုလည်းကောင်း၊ သဲအတိပြီး၍ ပျော်ကြီးပျော်ချင်စဖွယ်ကောင်းလှသော သောင်ပြင်တို့ကိုလည်းကောင်း၊ တောင်ကမ်းပါး တောင်ပြတ်ကြီးတို့ကိုလည်းကောင်း၊ တွေ့မြင်ရလျှင် မည်သူစိတ်မချမ်းမြေ့ စိတ်မကြည်နူးဘဲ နေနိုင်ပါအံ့နည်း၊

DREBOX - Copyright Protected

မြစ်ကမ်းခြေတစ်လျှောက်တွင် ရေသောက်ရန်လာကြသော နွားအုပ်ကြီးအပေါ်၌ မင်းလုပ်ကာ နေကြသော နွားကျောင်းသားကလေးတို့မှာလည်း မိမိတို့အနီးမှ သင်္ဘောဖြတ်သွားသည်ကို မြင်ကြရလျှင် စိတ်ပျော်သလိုလို ဘာလိုလိုဖြစ်၍ ခုန်ပေါက်ကပြလို့ကပြ၊ လက်တွင်ကိုင်၍ထားသော အဝတ်စ လုံချည်စုတ်တို့ကို လှုပ်ပြလို့ လှုပ်ပြ၊ အော်ပြီး နှုတ်ဆက်လို့ဆက်၊ ပျော်စဖွယ်လိလိ။ ၎င်းနွားကျောင်းသားတို့၏ စိတ်တွင်ကား မိမိတို့အနားမှ ဖြတ်၍သွားသော သင်္ဘောမှာ ဘယ်နေရာကလာ၍ ဘယ်နေရာသို့ သွားသည်ကိုမသိ၊ မန္တလေးနှင့် ပြည်သို့သွားသော ကူးတို့သင်္ဘောဟူ၍ကား သိချင်သိပေလိမ့်မည်။ သို့ရာတွင် ထိုမန္တလေး၊ ပြည်မြို့တို့သည် မိမိတို့နှင့် မည်မျှကွာဝေးသည်ကိုလည်းကောင်း၊ ထိုမြို့တို့သည် မည်မျှကြီးကျယ်ကြသည်ကိုလည်းကောင်း၊ မီးရထားမော်တော်ကားတို့ ပြည့်နှက်လျက်နေသည်ကိုလည်းကောင်း၊ အနည်းငယ်မျှ သိရှာကြမည်မဟုတ်၊ သိလည်းမသိလို၊ မိမိ၏ နွားအုပ်တွင် မင်းလုပ်၍ နေရသည်ကိုပင် ကျေနပ်လှပေပြီ။ သွေးတကြီးကြီးနှင့် အနည်းနည်းအဖုံဖုံ ဂုဏ်လုပ်၍ နေကြလေတော့သည်။

ထိုနွားကျောင်းသားတို့အပြင် ကမ်းပါးအနီး တောင်ထိပ်များပေါ်တွင် ကျောင်းကလေးတစ်ကျောင်း တလေကို တွေ့မြင်ရပေ၏။ ထိုကျောင်းများအနီးအနားတွင် ရွာလည်းမရှိ၊ လူသူမနီးသော တောင်ထိပ်ပေါ်၌ တစ်ကိုယ်တည်း တရားအားထုတ်ရန် ထွက်၍လာကြသောရဟန်း၊ ရသေ့၊ သူတော်ကောင်းများဖြစ်တန်ရာ၏။ ရေအတွက်ကား ဧရာဝတီမြစ်ကြီးကိုပင် အမှီပြု၍ အားထား၏။

ထိုကျောင်းကလေး အသီးသီးတွင် သီတင်းသုံးနေတော်မူသော သူမြတ်တို့ကား ၎င်းကူးတို့သင်္ဘောပေါ်တွင်ပါ၍လာကြသော သူတို့မှာ မည်သူများဖြစ်ပါလိမ့်မည်ကိုလည်းဂရုမစိုက်၊ မည်သို့သွားကြသည်ကိုလည်း အမှုမထား။ ဤသင်္ဘောသွားသောအချိန်ကား မည်သည့်အချိန်ပေတည်း စသည်ဖြင့်သာ အမှတ်အသားထားပေလိမ့်မည်။ ဤသင်္ဘော ဧရာဝတီမြစ်ကြော စုန်သွားတိုင်း တစ်ရက်၊ တစ်ရက် ကုန်လွန်၍သွားပေပြီ။ ထိုရက်တို့ကား ပြန်၍မလာ။ လူတို့၏ အသက်သာလျှင် သေရက်သို့ နီးလေပြီတကား၊ မည်သည့်အရာမှ မမြဲပါတကား၊ အနိစ္စပါတကား စသည်ဖြင့် တရားတော်ကို နှလုံးသွင်းကာ ကျန်ရစ်နေရှာကြကုန်၏။

"မင်းလတ်" လည်း စုန်မြဲတိုင်းစုန်၍လာခဲ့၏။ မြင်းခြံသို့ မိုးချုပ်မှရောက်လေသည်။ မြင်းခြံ၌ တစ်ည အမောဖြေ၏။ ခရီးဆက်လက်၍ သွားမည့်သူတို့အနက်လည်း မြို့ပေါ်သို့တက်၍ လည်လိုလည်၊ မြင်းခြံရှိ အသိမိတ်ဆွေတို့ကလည်း ဆင်းလာပြီးလျှင်နှုတ်ခွန်းဆက်ကြသည်လည်း မရှား။ ညဉ့်နက်လျှင် အိပ်ကြပြန်၏။

နံနက် မိုးမလင်းမီမြင်းခြံမှ ထွက်၍လာခဲ့ပြန်၏။ နေ့ခင်းတွင် ညောင်ဦးသို့ရောက်၏။ ညောင်ဦးရောက်သည်မှ ပုဂံလွန်သည့်တိုင်အောင် မိုင်ပေါင်း လေးငါးမိုင်ခန့်ရှိ၏။ သင်္ဘောပေါ်မှနေ၍ ဖူးရ

DBE BOX - Copyright Protected

သော စေတီတော်ပုထိုးတော်တို့ကား မရေတွက်နိုင်ပြီ။ ဖရိုဖရဲ ပြိုကွဲပျက်စီးနေကြသည်လည်းရှိ၏။ အစိုးရကျောက်စာဌာနမှ ပြုပြင်ထားသည်တို့လည်း မရှား။

အနော်ရထာ၊ ကျန်စစ်သားတို့တည်ထားခဲ့သော ရွှေစည်းခုံစေတီတော်မြတ်မှစ၍ များလှစွာသော စေတီပုထိုးတော်တို့ကို ဖူးမြော်၍မကုန်နိုင်၊ အရှုံးပေးရ၏။ သည်မှာကား အာနန္ဒာ၊ ထိုမှာကား ရွှေဂူကြီး၊ ထိုအနီးကား သဗ္ဗညု၊ ထိုရှေ့ကား စူဠာမဏိ၊ ထိုကွေ့တွင်ကား လောကနန္ဒာ၊ ထိုထိုသော ဘုရားတို့ကား ဓမ္မရံကြီး၊ ဓမ္မရာဇိက၊ မင်္ဂလာစေတီ အစရှိသည်ဖြင့် များလှထွေထွေ ရေတွက်၍ပင် မကုန်နိုင်။

ထိုထိုတစ်ဝိုက်တွင် ထီးကြီး၊ နန်းကြီး၊ မြို့ကြီး၊ ပြကြီးတို့ ထွန်းကားခဲ့ပေပြီ။ ကာလကြာလျှင် ထိုထိုတစ်ဝိုက်မှာ ထိုထီးကြီး၊ နန်းကြီး၊ မြို့ကြီး၊ ပြကြီးတို့ ပျက်စီးယိုယွင်းကြပေပြီ။

ထိုပုဂံကမ်းပေါ်တွင် မားမားစွင့်စွင့် မြင့်မြင့်စောက်စောက် ကျောက်အုတ်တို့ဖြင့် ပြီးသော စေတီပုထိုးတို့ကား ကူးတို့သင်္ဘောကလေး ဖြတ်၍သွားသည်ကို အမှုမထား၊ အိန္ဒြေသိက္ခာတော်ကြီးမားစွာနှင့် တည်နေတော်မူကြကုန်၏။ ၎င်းစေတီပုထိုးတော်ကြီးတို့ကား ပုဂံပြည်ကြီး စည်ကားကြီးကျယ်သည်ကိုလည်း ကြုံတော်မူခဲ့ကြပေပြီ။ ထို့နောက် တရုတ်ပြေးမင်းလက်ထက် တရုတ်စစ်တပ်ကြီး ချီတက်လာသည်ကိုလည်း ကြုံတော်မူခဲ့ကြပေပြီ။ ထိုတရုတ်စစ်ကို ခုခံကာကွယ်ရန် မိမိနှင့်အတူ တည်ထားခဲ့သော စေတီပုထိုးတော်တို့ကို ဖျက်ဆီး၍ မြို့ရိုးခံတပ်ကြီး တည်လုပ်သည်ကိုလည်း ကြုံတော်မူခဲ့ကြပေပြီ။ မိမိနှင့် ဖွားဖက်ဖြစ်ကြကုန်သော စေတီပုထိုးတော်များ မိုးလေဝသကြောင့် ပျက်စီးကုန်ကြသည်ကိုလည်း ကြုံတော်မူခဲ့ကြပေပြီ။ မိမိတို့သာလျှင် ကျန်ရစ်တော့၏။ မိမိတို့ကိုယ်တိုင်လည်း အမြဲတည်မည်မဟုတ်၊ လောကတွင်မြင်မြင်သမျှ လူသတ္တဝါအရာဝတ္ထုတို့လည်း ပျက်စီးကြရမည်သာတည်းဟူ၍ မဆိုကြသော်လည်း ဆိုတော်မူကြဘိသို့ မတုန်မလှုပ် ကျန်ရစ်ရှာတော်မူ ကြကုန်၏။

သင်္ဘောလည်း တစ်နေ့ပတ်လုံး စုန်မြဲတိုင်းစုန်၍ လာခဲ့၏။ နေမင်းလည်း ညနေခြောက်နာရီအချိန်ရောက်လျှင် နီသောအရောင်တို့ကိုလွှတ်၏။ ထိုနီသောအရောင်တို့ကား ဧရာဝတီမြစ်ရေပြင်ပေါ်သို့ကျလျှင် မြစ်တစ်မြစ်လုံး နီနီရဲရဲကြီးနေပေ၏။ စိတ်ကြည်နူးဖွယ်ကောင်းလှပေ၏။ အတန်ကြာလျှင် နေမင်းသည် အနောက်ရိုးမတောင်အကြားသို့ ဝင်၍သွား၏။ အလင်းရောင်လည်း ပျောက်၍သွား၏။ ဧရာဝတီမြစ်ကြီးလည်း နီရာမှဝါ၊ ဝါရာမှ ခရမ်းရောင်၊ ခရမ်းရောင်မှ အပြာ၊ အပြာမှ အနက်ရောင်သို့ ကူးပြောင်း၍သွားတော့သတည်း။ သင်္ဘော၌ မီးထွန်းကြရ၏။

အတန်ကြာလျှင် ခပ်လှမ်းလှမ်းမှ ထိန်ထိန်လင်းလင်း ဝင်းဝင်းပြောင်ပြောင် ဓာတ်မီးရောင်တို့ကို မြင်ရလေသည်။ အံ့ဩကာ လှမ်း၍ကြည့်ကြ၏။ တစ်ယောက်ကိုတစ်ယောက်မေးမြန်းကြကုန်၏။ ထိုတဝင်းဝင်းတပြောင်ပြောင်နှင့် နေသောနေရာကား ရေနံချောင်းမြို့ပေတည်း။ အဝေးကမြင်ရလျှင် သာက သာယာပါဘိ။ ရှုချင်ဖွယ်ကောင်းလှပေ၏။

DBE BOX Copyright Protected

မကြာမီ ရေနံချောင်းဆိပ်ကမ်း၌ သင်္ဘောဆိုက်၏။ အချိန်မရှိတော့သဖြင့် ထိုနေရာမှာပင် တစ်ညစခန်းချရပြန်၏။ မြင်းခြံမှာတုန်းကကဲ့သို့ပင် ဆင်းသူကဆင်း၊ တက်သူကတက်၊ နှုတ်ဆက်ရန် လာသူတွေကလည်းမရှား။ နံနက်စောစော ရေနံချောင်းမှ ထွက်လာပြီးလျှင် မကွေး၊ မင်းဘူး အစရှိကြသော ဆိပ်ကမ်းတို့တွင် အစဉ်အတိုင်းဆိုက်ကပ်၍လာခဲ့၏။

သင်္ဘောအတွင်း၌ ပါလာသူတို့ကား မိမိရောက်လိုရာအရပ် မိမိတို့ကိစ္စအမျိုးမျိုး ဆွေမျိုးအပေါင်းတို့၏ အကြောင်းများကိုသာ ပြောဆို၍လာကြကုန်၏။ စိတ်ကူး၍လာကြကုန်၏။

အချို့မှာ အိပ်လျက်၊ အချို့မှာကား သားကလေး သမီးကလေးတို့ကို ချော့နေ၊ ထမင်းဆိုင်တွင် ထမင်းဝယ်၍စားလာသူ လေးယောက်မှာ တိုင်းရေး ပြည်ရေး ဆန်ရေး စပါးရေးတို့ကို ပြောကြား ဆွေးနွေး၍လာကြကုန်၏။ ၎င်းတို့အနား ပက်လက်ကုလားထိုင်ပေါ်တွင် ပိုးသက်န်းဖြင့် ဦးခေါင်းတော်ကို အုပ်ကာ ကျိန်းနေရှာသော ဦးပဉ္စင်းကား အိပ်ပင်ပျော်နေသလော။ ထိုလူလေးယောက်၏ တိုင်းရေးပြည်ရေး အကြောင်းကိုပင် နားစွင့်ကာ ထောင်နေပါသလော။

ထိုပိုးသက်န်းကိုယ်တော်၏အနီး ကော်ဇောပေါ်၌ သီတင်းသုံးလာတော်မူသော ကိုယ်တော်ဦးပဉ္စင်းကလေးကား ဒဂုန်မဂ္ဂဇင်းတွင်ပါသော ဝတ္ထုတစ်ပုဒ်ကို မြိန်ရှက်စွာဖတ်၍ နေရှာတော်မူပေ၏။ ထိုကိုယ်တော်နှစ်ပါးတို့၏ အနားတွင်ကား အဘိုးကြီးနှစ်ယောက် ဓားပြမှုအကြောင်း ပြောကြား၍နေကြလေသည်။ ၎င်းတို့နှစ်ယောက်နှင့်ကပ်နေသော လူခပ်လတ်လတ် ခပ်ဝဝမှာကား မည်သူ့ကိုမျှ ဂရုမစိုက်၊ မည်သူ့စကားကို အရေးမလုပ်။ စာရင်းစာအုပ်အထဲတွင် ရေးသားထားသော စာရင်းများကိုသာလျှင် ရှင်းလင်း၍နေ၏။

ထိုလူ၏ နောက်ဘက်တွင် အလွန်တရာမှ ညစ်ထေးလှသော လင်မယားနှစ်ယောက်သည်ကား ဖက်ဖြူလိပ် တစ်လိပ်စီဖွာကာ စကားမပြောဘဲ ဆေးလိပ်၏အရသာကို ခံစားနေရှာကုန်၏။ အနားတွင်ကား သုံးလေးနှစ်၊ လေးငါးနှစ်အရွယ် သားကလေး သမီးကလေး သုံးယောက်မှာ ထမင်းအိုးတစ်လုံးမှ ထမင်းကျန်များကို လုယက်ကာ စားသောက်နေကြကုန်၏။ ၎င်းတို့ရှေ့နား အဝတ်သစ် အစားသစ်နှင့် သင်ဖြူးပေါ်တွင် ထိုင်နေသူကား သူရိယသတင်းစာကို ခပ်ကျယ်ကျယ်ကြီးဖတ်လျက် နေလေသတည်း။

နေဝင်၍ အလင်းရောင်ပျောက်လျှင် “မင်းလတ်” လည်း ပြည်မြို့ ဆိပ်ကမ်း၌ ကပ်လေ၏။ လိုက်ပါလာသူတို့လည်း တစ်ယောက်မျှမကျန် ဆူညံစွာ သူ့ထက်ငါဆင်းတဲ့၍ သွားကြကုန်၏။ အတန်ကြာလျှင် သင်္ဘောမှာ ဆိတ်ငြိမ်၍နေတော့သတည်း။

သိပ္ပံမောင်ဝ

DBEBOX - Copyright Protected

**လေ့ကျင့်ခန်း**

၁။ ခရီးသွားစာပေကို မည်သည့်စာပေပုံသဏ္ဌာန်တို့ဖြင့် ရေးသားလေ့ရှိသနည်း။ "မင်းလတ်" သည် မည်သည့်ပုံစံဖြင့် ရေးသားထားသည့် ခရီးသွားဆောင်းပါးဖြစ်သနည်း။

၂။ "မင်းလတ်" ခရီးသွားဆောင်းပါးသည် ခရီးသွားစာပေ၏ အင်္ဂါရပ်များနှင့် ကိုက်ညီသော ဆောင်းပါးတစ်စောင်ဖြစ်ကြောင်း တင်ပြပါ။

၃။ "အရှိကိုအရှိအတိုင်းရေးသားခြင်း" ဟူသည့်သဘောကို "မင်းလတ်"တွင် တွေ့ရပါသလား။ အကြောင်းပြဖြေဆိုပါ။

၄။ "ခံစားမှုနှင့်ယှဉ်၍ရေးသားခြင်း" ဟူသည့်သဘောကို "မင်းလတ်"တွင် တွေ့ရပါသလား။ အကြောင်းပြဖြေဆိုပါ။

၅။ "မင်းလတ်" မှ တွေ့ရသည့် သိပ္ပံမောင်ဝ၏ သရုပ်ဖော်အရေးအသားကောင်းများကို တင်ပြပါ။

DBE BOX - Copyright Protected

# တောင်တော်ရွှေပုပ္ပား

ကြို့ဆိုပါ၏ဆိုသော အဝါရောင်မော်ကွန်းတိုင်များကိုတစ်တိုင်ပြီးတစ်တိုင်ကျော်ဖြတ်၍ တစ်မြို့ဝင် တစ်မြို့ထွက်နှင့်လာခဲ့ရာ မြေပြန့်လွင်ပြင်ကိုလွန်လျှင် ကုန်းမြင့်တောင်ခြေကို ကောက်တိကောက် ကွေးနှင့်တက်ရ၍ နောက်ဆုံးတွင်ကျွန်တော်တို့၏ရည်မှန်းချက်ဖြစ်သော ပုပ္ပားမြို့သို့ဆိုက်ရောက်ပါ တော့သည်။ ပုပ္ပားမြို့သည်အနိမ့်ထဲကအမြင့်ဖြစ်သည်။ အခြောက်ထဲက အစိုဖြစ်သည်။ အဝါထဲက အစိမ်းဖြစ်သည်။ အပူထဲကအအေးဖြစ်သည်။ ဦးတင့်တယ် နတ်နန်းသို့ တက်ရာလမ်းနှင့် တောင် ကလပ်သို့သွားရာ လမ်းနှစ်ခုဆုံရာ ပုပ္ပားမြို့ထိပ်တွင် မြေကျေးရှင်းရိပ်သာရှိပါသည်။ ဤတွင်ကျွန်တော်တို့ အိမ်သားတစ်စုစခန်းချရပ်နားကြပါသည်။

ပုပ္ပားတောင် ရေဝေရေလဲနယ်မြေပုံကိုကြည့်လျှင် ရေထွက်များ၊ ချောင်းများ၊ ဖုန်းဆိုးများ၊ တောင်ယာများ၊ တောစိုများ၊ တောခြောက်များ၊ ငှက်ပျောခြံများဟူ၍ အကွက်ကွက်ရောင်စုံခြယ်ကာ သတ်မှတ်ထားသည်ကို တွေ့ရပါမည်။ ထိုနယ်တစ်ဝိုက်တွင် မကြာသေးမီကာလအတွင်းက သစ်ကြီး ဝါးကြီးများ ပေါက်ရောက်တည်ရှိသဖြင့် နေပြောက်မထိုးအောင်ရှိသည်ဆိုသည်။ သို့သော်ကာလပျက် သောအခါတွင်းက မင်းမဲ့စိုးမဲ့သကဲ့သို့ဖြစ်ကာ သစ်များ၊ ဝါးများကိုလည်း စည်းမဲ့ကမ်းမဲ့ခုတ်လှဲဖျက် ဆီးကြရာ ယခုအခါပုပ္ပားတောင်မှာ တောင်ကတုံးနီးပါးမျှ ဖြစ်လျက်ရှိလေပြီ။ တောင်ယာကဖုန်းဆိုး ဖြစ်၍ တောစိုကတောခြောက်ဖြစ်ကာ ရေထွက်များလည်း ရေအထွက် ဆွံ့ခဲ့လေပြီ။ မြေဆီမြေဩ လည်း အထိန်းအကွပ်မခိုင်သဖြင့် ရေတိုက်စားရာတွင်ပါ၍ အလဟဿဖြစ်ရလေပြီ။ သားငှက် တိရစ္ဆာန်တို့မှာလည်း ခိုမှီရာရှားသည်တစ်ကြောင်း၊ အပစ်အခတ်အသတ်အညှစ်များသည် တစ်ကြောင်းကြောင့် တစ်နေ့တခြား လုံးပါးပါးလျက်ရှိလေပြီ။ ဤအချက်တို့ကိုသတိမူမိသော နိုင်ငံတော် အစိုးရသည် သစ်တောဌာနနှင့်မြေကျေးရှင်းအဖွဲ့တို့ကို တာဝန်ပေးကာ ပုပ္ပားတောင်ပြန်လည် ထူထောင်ရေးကို အပူတပြင်းလုပ်ဆောင်လျက်ရှိလေသည်။ ပုပ္ပားမြို့မြေကျေးရှင်းရိပ်သာသည် ဤ လုပ်ငန်းအတွက် အချက်အချာ ဌာနပေတည်း။

ရိပ်သာ၏ဝင်းခြံထဲတွင် ရေပန်းပဒေသာဖြင့် ဖျန်းပက်၍ ဝါးဆစ်ဖြင့်ပျိုးထားသော ပျိုးပင် ငယ်မျိုးစုံကို မြက်ကွက်ထရံမိုး၍တစ်မျိုး၊ နေပူခံထား၍ တစ်ဖုံများစွာ တွေ့ရပါသည်။ ထိုပျိုးပင်ငယ် တို့ဖြင့် ပုပ္ပားမောင်တောင်ကတုံးကို သျှောင်ထုံးရန် အားထုတ်လျက်ရှိကြသူတို့မှာ သကြံန်ရက်အတွင်း တွင်ပင် မအားရှာကြပါ။ မြေဆွေးချသူကချ၊ မြေဩဇာ မြေစပ်သူကစပ်၊ ပျိုးပင်ငယ် စိုက်သူကစိုက်၊ ရေဖျန်းသူကဖျန်းနှင့် တပျော်တပါးကြီး ဖြစ်ပါသည်။ စပျစ်နွယ်တွင် စပျစ်ခိုင်တွဲလဲ၊ စတော်ဘယ်ရီဖုတ် အောက်တွင် စတော်ဘယ်ရီသီးရဲရဲ ပျိုးပင်ခြံထဲတွင်ပျိုးပင်တွေမည်းမည်းနှင့် အားရစရာကြီးဖြစ်ပါသည်။

DHE BOX - Copyright Protected

သူတို့ပျိုးထားသော အပင်များကို ရှုပါဦးလော့။ (၁)ကတွတ်ပင် (၂)ကော်ဖီပင် (၃)ကင်ပွန်းပင် (၄)ကံ့ကော်ပင် (၅)ကျောက်ပန်းပင် (၆)ချယ်ရီပင် (၇)ငုစပ်ပင် (၈)ငုရွှေပင် (၉)စကားစိမ်းပင် (၁၀)စတော်ဘယ်ရီပင် (၁၁)စပျစ်နွယ်ပင် (၁၂)စိန်ပန်းနီပင် (၁၃)စိန်ပန်း ပြာပင် (၁၄)ဆေးရွက်ကြီးပင် (၁၅)ဆီးတော်ပင် (၁၆)ညောင်ပင် (၁၇)တမာပင် (၁၈)တောင် ထန်းပင် (၁၉)ဒန့်သလွန်ပင် (၂၀)ပရုတ်ဆီပင် (၂၁)ပိတောက်ပင် (၂၂)ပင်လယ်ကဗွီးပင် (၂၃)ပြည်ပန်းညိုပင် (၂၄)ပြည်လုံးချမ်းသာပင် (၂၅)ပွေးကိုင်းပင် (၂၆)ဗာဒံပင် (၂၇)မာလကာပင် ။(၂၈)မယ်ဇလီပင် (၂၉)ရှောက်ပင် (၃၀)ရှောက်ချိုပင် (၃၁)လိမ္မော်ပင် (၃၂)သဘော်တည်ပင် (၃၃)သဘော်မယ်ဇလီပင် (၃၄)အဝေရာပင် စသည်တို့ဖြစ်ပါသည်။ ပုပ္ပားတောင် နဂိုရှိရင်း အပင်များတွင် ဤအပင်များကို ထပ်ဖြည့်လိုက်ပါက မည်သို့ဖြစ်လာမည်ကို စဉ်းစားကြည့်နိုင်ပါသည်။

လာမည့်ငါးနှစ်၊ ဆယ်နှစ်၊ ဆယ့်ငါးနှစ်ကို လှမ်းမျှော်၍ နွားပိန်အသားထိုးကြည့်လျှင် ဝမ်းသာစရာကြီးဖြစ်ပါသည်။ ပင်လယ်ကမ်းစပ်က တက်ရောက်လာသော ကဗွီးပင်ကြီးများသည် လေထဲတွင်တရှဲရှဲမြည်ကာ ယိမ်းထိုးလျက်၊ ပြည်လုံးချမ်းသာ (ယူကလစ်ပတတ်) ပင်တို့၏ ရနံ့သည် တသင်းသင်းမွှေးပျံ့လျက် စိန်ပန်းနီ စိန်ပန်းပြာပင်တို့က တောင်စွယ်တောင်စောင်း တောင်လက်မောင်းကို ပတ္တမြားတစ်ရစ်၊ နီလာတစ်ရစ်စီခြယ်လျက် ပိတောက်နှင့်ငုရွှေဝါတို့က ဖမ္မုရစ်ပမာ အောက်ခံပြုလျက်ရှိစဉ်တွင် ကံ့ကော်ပင်ရိပ်၌ထိုင်ကာ စပျစ်သီးကိုဝါးရင်း ကော်ဖီဖျော်သောက်ရပါမူမည်မျှ ဇိမ်ရှိပါမည်လည်းဟု စိတ်ကူးနှင့်ရှုကြည့်နိုင်ပါသည်။ ထိုအပင်များကို စိုက်ပျိုးနေရုံမျှမက သားငှက်တိရစ္ဆာန်တို့ကို မပစ်မခတ်မသတ်မညှစ်ရဟု ပိတ်ပင်ကာ ဘေးမဲ့တောအဖြစ် ကြေညာထားသည်ဖြစ်၍လည်း ပုပ္ပားတောင် ရေဝေရေလဲနယ်မြေသည် ရှေးတောလားကြီးများကို ရုပ်လုံးဖော်ရာ ဒေသကြီးဖြစ်လာစရာအကြောင်းရှိပါသည်။

ကျွန်တော်တို့သည် ခရီးရောက်မဆိုက်ပင် အထုပ်ကိုမျှ မဖြေသေးခင် ပုပ္ပား၏ သာယာမှုကို ခံစားလိုသဖြင့် ဦးတင့်တယ်ခေါ် မင်းမဟာဂီရိနတ်ကွန်းရှိရာသို့ တက်ကြပါသည်၊ လမ်းဘေးတွင် တသွင်သွင်စီးလျက်ရှိသော ရေစီးကား နှမတော်ရေထွက်မှ လာသောရေဟု သိရပါသည်၊ အတန်သွားမိလျှင် ဦးတင့်တယ်၏ နှမတော်ရှင်မြတ်လှ၏ နတ်ကွန်းသို့ရောက်ပါသည်၊ ထိုမှတစ်ဆင့်တက်ပြန်သော် ဦးတင့်တယ်၏ နတ်ကွန်းသို့ရောက်ပါသည်၊ နတ်ကွန်းအနီးတွင် ဦးခန္တီတည်ခဲ့သော ကျောင်းတော်မှ ကိုယ်တော်ကြီးမှာ တန်ဆောင်းဒကာကို မျှော်လင့်လျက်ရှိပါသည်။ နတ်ကွန်း၏ လက်ယာဘက်တွင်ကား အသူတစ်ရာချောက်ကြီးကို မြင်ရပါသည်။ ကမ်းပါးစောက်ကြီးမှာ ကျောက်ထရံကြီးသဖွယ် ဖြစ်ပါတော့သည်၊ ဤ ချောက်ထဲတွင် မောင်တော်ရေထွက်နှင့် နှမတော်ရေထွက်ရှိသည်ဟု သိရသည်။ ထို့ကြောင့် ကျွန်တော်တို့သည် လာလမ်းအတိုင်း ပြန်ဆင်းခဲ့ကြရာ ခြံစည်းရိုးတွင် ပန်းရောင်ပန်းပွားကလေးများသဖွယ် ပွင့်နေသောသန်လျက်ကြီးပင်၊ ဆူးထက်ထက်နှင့် ရန်ထောင်နေသော



DBE BOX - Copyright Protected

ဆူးကျင့်ပင်၊ ဆေးဖက်ဝင်သော ရှင်ကစ္စည်းပင်စသည်တို့ကို ကြည့်ရှုလေ့လာရင်းနှင့် နှမတော်နတ်ကွန်း အနီးသို့ ရောက်လာကြပါသည်။

ဤတွင် လက်ယာဘက်သို့ ဖဲ့ထွက်ကာ တောင်စောင်းကော်ဖီခြံကို ဝင်ခဲ့ကြရာ ခဏအတွင်း တွင်ပင် နှမတော်ရေထွက်သို့ ရောက်ပါသည်။ မမြင်ရသော ကျောက်ကြားမှ ကြည်လင်အေးမြသော ရေသည်တရစပ် စီးထွက်လျက်ရှိပါသည်။ ထိုနေရာကမှ တစ်ဖန် ချောင်းကြားချောက်တွင်းသို့ ဆင်း ပြန်သောအခါ မောင်တော်ရေထွက်သို့ ရောက်ပါသည်။ ဖိုးခေါင်ငှက်၏ အော်မြည်သံကို နားခံရင်း ရေထွက်အနီး ကျောက်ဆောင်ထက်တွင် ထိုင်ကာ အပန်းဖြေခိုက်တွင် စံကားပန်းနံ့ သင်းသင်းကို ရှူရှိုက်ရပါသည်။ အနီးတွင်ပေါက်နေသော စံကားပင်ကြီးကား အဓိကရပါပေတည်း။ ငှက်ပျောတော ကြီးမှာမိုက်နေပါသည်။ ထိုနေရာတွင် နွေရာသီမှရှိပါလေစဟု သံသယဖြစ်မိပါတော့သည်။

နောက်တစ်နေ့ နံနက်တွင်ကား တောင်ကလပ်ကို တက်ရန်ဖြစ်ပါသည်၊ တောင်ကလပ်ကို တက်လိုသောသူသည် တောင်ကလပ်ခြေရင်းသို့ ပထမ သွားရပါသည်၊ တောင်ကလပ်ခြေရင်းသို့ လမ်းသုံးသွယ်ဖြင့် ရောက်နိုင်ပါသည်၊ ပထမလမ်းမှာ ပုပ္ပားမြို့သို့ မတက်ခင် မြေနိမ့်ပိုင်း မိုးခေါင်ကျော်စွာ နတ်ကွန်းမှစသော မော်တော်ကားလမ်းဖြစ်ပါသည်၊ ဒုတိယလမ်းမှာ မြေကျေးရှင်း ရိပ်သာဘေးမှ တက်ရသော ခြေကျင်တောလမ်းဖြစ်ပါသည်၊ တတိယလမ်းမှာ နှမတော်နတ်ကွန်းမှ ရသေ့ညီနောင် ဂူကို ဖြတ်ကျော်သွားရသော ခြေကျင်တောလမ်း ဖြစ်ပါသည်၊ ကျွန်တော်တို့အဖို့မှာ ဒုတိယလမ်းသည် အသင့်ဆုံးဖြစ်သဖြင့် ထိုလမ်းဖြင့်တက်ကြပါသည်။ လမ်းဆိုသော်လည်း ပြုပြင်ဖောက်လုပ်ထားသော လမ်းမျိုးမဟုတ်။ သူသွားငါသွားနှင့် တောကြားတွင်ဖြစ်နေသော ခြေသွားလမ်းမျှဖြစ်ပါသည်။ ထိုလမ်း သည် တောင်ခါးပန်းကိုလျှောက်၍သွားသဖြင့် အတော်ပင်ပြေသည်၊ တစ်ချက်တစ်ချက် အတက်ရှိ၍ မောသော်လည်း သစ်ပင်ရိပ် ကျောက်တုံးထက်တွင် ခဏနားလျှင် အမောပြေပါသည်၊ ထိုမျှမက သေး၊ ကျေးငှက်သံတို့လည်း သာယာပါသည်။ တောပန်းတောင်ပန်းတို့လည်း တင့်တယ်ပါသည်။ ဖွန်ပန်းနှင့် ခပ်ဆင်ဆင်ပွင့်နေသော ပန်းကလေးမှာ မွှေးလည်းမွှေး၊ လှလည်းလှပါသည်၊ ငှက်ပျောသီး ထမ်း၍ တောင်ပေါ်မှ ဆင်းလာသော သူငယ်မကလေးတစ်ဦး၏ ခေါင်းတွင်ဝေနေအောင် ပန်ထား သည်ကိုမြင်၍ မေးကြည့်ရာ ဒဝွေးပန်းဟု ပြောပါသည်။ နောက်တစ်ဦးကို မေးပြန်သောအခါလည်း ထိုအတိုင်းပင်ဖြေပါသည်၊ ကျွန်တော်ကား ထိုအမည်မျိုးကို ကြားလည်း မကြားဖူးပါ၊ စာထဲပေထဲ တွင်လည်း မတွေ့ဖူးပါ၊ သို့ဖြင့် တတွေးတွေးနှင့်တက်လာရာ ပင်းယကာချင်းများတွင်ပါသော သင်းခွေ ပန်းကို ရုတ်တရက်ပြေး၍ သတိရပါသည်။ ထို့ကြောင့် သင်းခွေမှ ဒဝွေးသို့ ပြောင်းလာလေသလားဟု တွေးမိပါသည်။ လက်ထုတ်ပွင့်နှင့် ခေါင်းတံပန်းကလေးတို့မှာလည်း ဣန္ဒြေရရနှင့် ယဉ်ကြပါပေသည်၊ တစ်ချက်တစ်ချက်တွင် ငုရွှေပန်းများ ဝင်းခနဲ ငုစပ်ပန်းများ လက်ခနဲကို မြင်ရပါသေးသည်၊



DRE BOX - Copyright Protected

သို့ဖြင့် အဆင်းတစ်ခုသို့ ရောက်သောအခါ လမ်းခွဲလေးတစ်ခုကို တွေ့၍ စွတ်လိုက်သွားမိသည်။ ခဏအကြာတွင် ရေထွက်တစ်ခုကို တွေ့ရပါသည်။ ရင်နင်းရေဟုခေါ်၍ တောင်ကလပ်ခြေရင်းသို့ မြွှန်ဖြင့်ပို့ရသော ရေဖြစ်ကြောင်း သိရပါသည်။ ထိုမှမော့ကြည့်လိုက်လျှင် တောင်ကလပ်ကြီးမိုးနေသည်ကို မြင်ရပါသည်။ သစ်လွင်သော တိုက်တာအဆောက်အအုံတို့ကိုလည်း တောင်ခြေတွင် မြင်ရပါသည်။ ရောက်ချင်ဇောဖြင့် မောရမှန်းမသိဘဲ တက်လိုက်ရာ တောင်ခြေသို့ ရောက်သွားပါတော့သည်။ ဘုရားဖူးလူကြီးလူငယ်တို့မှာ ခြေချင်းလိမ်လျက် ဆင်းသူဆင်း၊ တက်သူတက်၊ ခေါ်သူခေါ်၊ အော်သူအော်နှင့် ရှိကြပါသည်။ ဇော်ဂျီရုပ်များ၊ ဝိဇ္ဇာရုပ်များမှာ အသစ်စက်စက်ပင် ရှိပါသေးသည်။ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ပန်းဆိုင်တို့ကလည်း တစာစာဖိတ်ခေါ်လျက်ရှိကြပါသည်။

အခြားဘုရားဈေးများနှင့် မတူသော အချက်တစ်ရပ်မှာ ပုပ္ပားထွက် ဘယဆေးဆိုင်များရှိခြင်းဖြစ်ပါသည်။ အရိုးစူးလျှင် ကျစေတတ်သည့် ဆေးလက်ဝါးတဲ့။ လေထိုးလေအောင့် ပျောက်စေတတ်သည့် လေသိုက်တဲ့။ ဆီးအောင့် ကျောက်တည် ပျောက်စေတတ်သည့် ကျောက်ခရုတဲ့။ စုံပါတော့သည်။ အထူးသဖြင့်ကား ဆေးမြစ်စုံ အစည်းကလေးများ ဖြစ်ပါသည်။ တစ်စည်းလျှင် ဆေးမြစ်ခုနစ်မျိုးနံပါတ်ထိုး၍ အညွှန်းနှင့်တကွ ပါပါသည်။ (၁) တောင်တန်ကြီး၊ (၂) ရင်းပြား၊ (၃) ရာဇဝင်၊ (၄) အကျော်၊ (၅) ဆေးဝါကြီးခေါ် တောင်လုံးကျော်၊ (၆) စောင်ချမ်းနက်၊ (၇) မယားနင်းတို့ ဖြစ်ပါသည်။ လုပ်ရပ်သမားများအတွက် ဂမုန်းမျိုးစုံ၊ ကျောက်မျိုးစုံတို့လည်း ရှိပါသေးသည်။ ဦးကြင်ဥ၏ သီချင်းများကို သတိရစရာပင် ဖြစ်ပါတော့သည်။

နောက်ထူးခြားချက်တစ်ရပ်မှာ စေတီကျောက်ကလေးများဖြစ်ပါသည်။ ပုပ္ပားတောင်တစ်ဝိုက်တွင် သလင်းကျောက်ကဲ့သို့ ဖောက်ထွင်း၍မြင်ရသော ကျောက်ကြည်ကလေးများ ထွက်ပါသည်။ ထိုကျောက်တို့တွင် အစင်းအကွက်ကလေးများ သဘာဝအလျောက် ဖြစ်နေရာ ရွှေးတတ်၊ သွေးတတ်လျှင် စေတီပုံများ၊ တောပုံတောင်ပုံများကို ရပါသည်။ တံခွန်တိုင်၊ တန်ဆောင်း၊ ဇရပ်တို့နှင့် ပြည့်စုံသော တောင်ကလပ်ပုံပင်ရှိသည်ဟု ကြားရပါသည်။ အဖိုးလည်း ထိုက်ပေသည်။ ငါးကျပ်တစ်ဆယ်တန်မှ နှစ်ရာသုံးရာတန်အထိ ဈေးခေါ်သည်ကို ကြားခဲ့ရပါသည်။ ထိုကျောက်တို့ကို လက်စွပ်ကွင်းနိုင်သည်။ နားဆွဲလုပ်နိုင်သည်။ ဆွဲပြားချိတ်နိုင်သည်။

ထိုမှတစ်ပါးလည်း ဘုရားတရားတော်ကို မိမိတို့နည်းဖြင့် မိမိတို့ ယုံကြည်ချက်အတိုင်း လိုက်နာကျင့်သုံးကာ ကမ္ဘာ့ငြိမ်းချမ်းရေး ဗမာ့ငြိမ်းချမ်းရေးအတွက် မေတ္တာရေမောင်း သွန်းလောင်းနေကြသော ပုဂ္ဂိုလ်များနှင့် လောကီကျွတ်တမ်း၊ လောကုတ္တရာကျွတ်တမ်းရှာနေသော ပုဂ္ဂိုလ်များသည် တောအနှံ့တောင်အနှံ့ ပုပ္ပားတွင် ရိပ်ခိုလျက်ရှိကြောင်းကိုလည်း တစ်ဆင့်စကားကြားသိခဲ့ရပါသည်။

DBE BOX Copyright Protected

ကဲ၊ တောင်ကလပ်ကို တက်ကြအုံးစို့။ နဂါးရုပ်ကြီးများ ပါးပျဉ်းထောင်ကာ စောင့်လင့်ကြိုဆိုနေသော စောင်းတန်းဦးမှ တက်လိုက်လျှင် မယ်ဝဏ္ဏနတ်ကွန်းကို ရောက်ပါသည်။ ကျွန်တော်တို့ ရောက်စဉ်က ဆိုင်းနှင့် ဝိုင်းနှင့် နတ်ပွဲပေးလျက်ရှိပါသည်။ နတ်ကသူလည်းတမော၊ ပွဲကြည့်သူလည်း တမောပင်။ မယ်ဝဏ္ဏမှာ ရွှေဖျဉ်းညီနောင်၏ မယ်တော်ဖြစ်၍ အနော်ရထာမင်းစော ခေတ်က ဤတောင်တွင် ပန်းခူးနေသော အမျိုးသမီးတစ်ဦးဖြစ်ပေသည်။ ဤတောင်သည် မယ်ဝဏ္ဏ ပုပ္ပားသူနှင့် ပင်လယ်ရပ်ခြား တိုင်းတစ်ပါးသား မောင်ဗျတ္တတို့ ဖူးစာဆုံရာအရပ်ဖြစ်သောကြောင့် မေတ္တာပန်းရနံ့ မွှေးပျံ့နေသောဒေသဖြစ်ကြောင်းကို ကျောက်တုံး၊ ကျောက်ဆောင်၊ အုတ်ထရံ သံလျှောက်ကားတို့တွင် ဘုရားဖူးလာကြသော ကာလသမီး၊ ကာလသားတို့ ရေးထိုးခဲ့ကြသည့် မြေဖြူစာ၊ မီးသွေးစာတို့က သက်သေခံလျက်ရှိကြပေသည်။ ဆက်၍တက်ပြန်သော် မောတစ်လှည့်၊ နားတစ်လှည့် ပတ်ဝန်းကျင်ကို မျှော်တစ်လှည့်နှင့် ရွှေဖျဉ်းညီနောင်နတ်ကွန်းသို့ ရောက်ပါသည်။ ရွှေဖျဉ်းညီနောင်တို့ ဤတောင်တွင် လှည့်လည်ပျော်ပါးခဲ့စဉ်အခါက လူမနီးသူမနီး တောကြီးမျက်မည်း ဖြစ်ပေရာသည်။ ဤမျှမတ်စောက်သောတောင်ကို သူတို့ညီနောင်လို လူစွမ်းကောင်းများ တက်တုံသက်တုံ ပြုနိုင်ပေမည်။ သံလှေကားကို ဖက်တက်ရသောနေရာကား အသည်းအေးစရာ ဖြစ်ပါသည်။ လူများက တခဲတယဉ်း သက်ပြင်းရှူ၍တက်နေကြသည်ကို ချောက်ထဲကနေ၍ ငှက်ပျောသီးတောင်းနေသော မျောက်တွေ သတိပြုမိလျှင် ပြုံးကြရယ်ကြပေလိမ့်မည်။ တောင်ကလပ်မျက်နှာပြင်ကား တစ်ဧကခန့်ရှိသည်ဟု ဆိုသည်။ တန်ဆောင်းများ၊ ဘုရားများ၊ တံခွန်တိုင်များနှင့် ပြည့်လျက်ရှိသည်။ သပြေပန်းဝယ်၍ ဘုရားဖူး၊ ဆုတောင်း၊ မေတ္တာပို့ပြီးသော် အရပ်ရှစ်မျက်နှာသို့ မျှော်မှန်းကြည့်ရှုနိုင်သည်။ သို့သော် ထိုကာလကား မြူဝဲသောကာလ၊ မင်းလွင်မြူးသော ကာလဖြစ်၍ ဝေးဝေးကို မမြင်နိုင်ပါ။

သိမီလိုက်သူတို့စကားအရဆိုလျှင် မဝေးသေးသော လွန်ခဲ့သည့်အခါက တောင်ကလပ်တွင် ဘုရားပုထိုးမရှိ လူသူအရောက်အပေါက်နည်းသည်။ တက်ရန်လည်း မလွယ်ကူ။ သို့သော် သင်းအုံပင်များ ပေါက်သည်။ သင်းအုံဥမှာ စား၍ကောင်းသည်။ သင်းအုံအောင်သော နတ်တော်လတွင် ရဲစွမ်းသော သူတို့သည် နွယ်ငန်းကို ဆွဲ၍ဖြစ်စေ၊ ဝါးကိုထောင်၍ဖြစ်စေ တက်ကြသည်။ နောင်သောအခါမှ ရသေ့ကြီးဦးခန္တီစသော ပုဂ္ဂိုလ်တို့ ပြုပြင်ဖန်ဆင်းသဖြင့် ဤသို့ သူရောငါပါ လွယ်ကူစွာတက်နိုင်သော အခြေသို့ ရောက်လာသည်ဟု ကြားသိရပါသည်။

တောင်ကလပ်မှ မြောက်သို့ မျှော်လိုက်ပါလျှင် မြင့်မားသော တောင်ထွတ်အများကို မြင်ရပါသည်။ ချုံမတွင်း ချောက်ကြီးကိုရံ၍ ထိုတောင်ထွတ်များပေါက်လျက်ရှိသည်။ အမြင့်ဆုံးမှာ မှန်ပြတောင်ဟုခေါ်သော ပုပ္ပားတောင်ထွတ်ဖြစ်၍ ပေပေါင်း ၄၉၈၁ မြင့်ပါသည်။ ဆယ့်ကိုးယုတ်ငါးထောင်ဟု မှတ်ကြပါသည်။ စပါးပုံတောင်၊ ဆေးပွင့်တောင်၊ နွားလပို့တောင်၊ မောင်တော် ငုတ်တုတ်တောင်၊ မြင်းကတောင်၊ မာလာတောင်တို့သည်လည်း ထင်ရှားသော တောင်ထွတ်များဖြစ်ကြပါ

DEE BOX - Copyright Protected

သည်။ ထိုတောင်ထွတ်တို့တွင် စေတီများရှိ၍ မေးကြည့်ရာ ဦးခန္တီဘုရား၊ ဦးနုဘုရား၊ ဦးကျော်ငြိမ်းဘုရားများ ဖြစ်သည်ဟု ကြားရပါသည်။ ထိုတောင်ထွတ်များ ပါဝင်သော ပုပ္ပားတောင်မကြီးကို စောစောတက်လျှင် နံနက်စာအမီ ပြန်နိုင်ကြောင်းကိုလည်း သိရပါသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်တော်တို့ တောင်မကြီးကို တက်ကြပါသည်။ အသက်ခုနစ်ဆယ်ကျော် ဦးကြီး ဦးစံဖေက လိုက်ပို့ ပါသည်။ ပထမဦးစွာ ဦးတင့်တယ်နတ်ကွန်းသို့သွား၍ ထိုမှတစ်ဆင့် မောင်တော်တောင်ကို ပြေချည် မတ်ချည်နှင့် တက်ရပါသည်။ လမ်းတစ်လျှောက်တွင် မာတ်မီးတိုင်များ စိုက်ထားသည်ကို တွေ့ရ၍ စုံစမ်းကြည့်ရာ ဦးနုဘုရားစသည်တို့ကို မီးပူဇော်သော တိုင်များဟု သိရပါသည်။

မောင်တော်တောင်ကား တောင်ထွတ်များနှင့်စာလျှင် အနိမ့်ပိုင်းဖြစ်၍ တောစိုများ၊ ငှက်ပျောခြံများနှင့် စိမ်းလန်းလျက်ရှိသည်။ သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့ပေးထားရာ အရပ်ဖြစ်ကြောင်း ကြော်ငြာစာများကို ဖတ်ရပါသည်။ တောင်အဆုံးလောက်တွင် ဗိုလ်ရုံအိုင်ခေါ်သောနေရာသို့ ရောက်ပါသည်။ ရှေးကဗိုလ်ရုံခေါ် ဗိုလ်တဲတစ်ခုကို အင်္ဂလိပ်များ ဆောက်လုပ်ထားဖူး၍ ဤအမည်တွင်နေကြောင်း သိရပါသည်။

ထို့နောက် လက်ယာဘက်တွင် မာလာတောင်၊ လက်ဝဲဘက်တွင် မောင်တော်ငုတ်တုတ် တောင်ကိုထား၍ စပါးပုံတောင်ကို တက်ရပါသည်။ ဤတောင်ကားမြင့်လည်းမြင့်၊ မတ်လည်းမတ်၍ မကြာခဏ နားရပါသည်။ တောလည်းပါးလာ၍ မြက်ခြောက်များသာ အရှိများပါသည်။ နေလည်းရင့်လာပါပြီ။ သို့သော် နားရင်းနေရင်းနှင့် အဝေးသို့ မြင်နိုင်သမျှ လှမ်း၍ကြည့်ကာတက်လျှင် သက်သာပါသည်။

ပထမဦးစွာ ဦးတင့်တယ်နတ်ကွန်းကို တက်စဉ်က မြင့်လှစောက်လှသည်ဟု ထင်ခဲ့သည်။ ဒုတိယ တောင်ကလပ်ကို တက်စဉ်က သာ၍မြင့်သည်၊ သာ၍စောက်သည်ဟု ထင်ပြန်သည်။ ယခု စပါးပုံတောင်ကို တက်သောအခါ အမြင့်ဆုံး အစောက်ဆုံးကို တွေ့ရပါသည်။ မီးတောင်ဟောင်း၏ ခံတွင်းဝဆိုသော ချုံမတွင်း ချောက်ကြီးကို ငုံ့ကြည့်သောအခါ အသည်းယားမိသည်။ ချောက်ထဲတွင် ရေထွက်ရှိ၍ တောဝက်များ ခိုအောင်းနေထိုင်ကြောင်း သိရပါသည်။

ကျွန်တော့်အတွက် အဆိုးဆုံးနေရာကား စပါးပုံတောင်ထွတ်ကို ပတ်၍ဖောက်ထားသော သုံးလေးမိနစ်သွားရသည့် လမ်းကျဉ်းကလေးဖြစ်ပါသည်။ လက်ဝဲဘက်တွင် တောင်ထွတ်ကြီးမိုးလျက် လက်ယာဘက်တွင် ချောက်ကမ်းပါးကြီးစောက်လျက်တွယ်စရာ ဖက်စရာဘာမျှမရှိ၊ မတော်တဆ တစ်စုံတစ်ရာဖြစ်ပါက အချောပဲဟူသော အတွေးသည် အလိုလိုရောက်လာ၍ ကြောက်မိသည်၊ ရွံ့မိသည်၊ ထိတ်မိသည်။ အူထဲက ယားလာသည်။ ခြေထဲကဆာလာသည်။ ခေါင်းထဲကနောက်လာသည်။



DBE BOX - Copyright Protected

ဖြစ်မှဖြစ်ပါ့မလား။ ခဏရပ်နား၍ မျက်စိမှိတ်ကာ စိတ်ကို ရဲဆေးတင်လိုက်ရသည်။ ထို့နောက် ဆက်သွားပြန်ရာ မသိမသာပင် ထိုကြောက်ဖွယ်ခရီးကို လွန်မြောက်သွားတော့သည်။ သို့သော် အကြောက်ကားမပြေ၊ တောင်ထွတ်ထက်တွင် ဦးခန္တီတည်ခဲ့သည်ဆိုသော ထူပါရုံစေတီတော်ကိုမျှ လွတ်လပ်စွာမဖူးရ။ စိန်ဖူးတင်နေသူတို့အဖို့မှ သာဓုမခေါ်မိ။ မည်ကဲ့သို့ ပြန်၍ ဆင်းရပါမည်နည်း ဟူ၍သာ တိတ်တခိုး ရှက်ရှက်နှင့် တွေးနေမိတော့သည်။

ဆက်၍လှမ်းမျှော်လိုက်သောအခါ မှန်ပြတောင်ထွတ်တွင် ဦးနု၏ဘုရားကို မြင်ရသည်။ ထို့နောက် ဦးကျော်ငြိမ်း၏ ဘုရားကို မြင်ရသည်။ ထိုဘုရားနှစ်ဆူ၏ စိတ်ဝင်စားဖွယ် သမိုင်းများကို လည်း ဘုရားဖူးများပြောကြားနေသဖြင့် ကြောက်ရင်းရွံ့ရင်းကြားမိခဲ့ရသည်။ ထိုဘုရားများကို သွား၍ ဖူးရအောင်ဟု ဘုရားဖူးများက အဖော်ညှိသောအခါ နေမြင့်ပြီဗျာ၊ နောက်တစ်ကြိမ်မှ ဖူးတော့မည်ဟု ပြောလိုက်ရသော်လည်း အမြင့်အကောက်ကို ကြောက်တတ်သော ကျွန်တော့်အဖို့မှာကား ဒုတိယအကြိမ် ကို မစဉ်းစားမိတော့ပါ။ ပုပ္ပားမြို့ကို ခလုတ်မထိဆူးမငြိဘဲ မည်သို့ ပြန်ရောက်ရပါမည်နည်းဟုသာ တွေးတောနေမိပါသည်။ သို့သော် တကယ်တမ်းပြန်ကြစို့ဟု ခရီးထွက်လိုက်သော အခါတွင်ကား စောစောက ကြို၍ကြောက်မိချက်၊ ရွံ့မိချက်တို့မှာ အကြောင်းမဲ့မျှသာဖြစ်၍ စကားတပြောပြောနှင့်ပင် တောင်ခုလတ်သို့ ရောက်ခဲ့ရပါတော့သည်။ စပါးပုံတောင်ခါးပန်းမှာလ၊ နတ်လမ်းအလွန်စောက်သော ကြောင့်၊ ကြောက်ကြောက်နှင့် တက်ရတယ်၊ ရှက်ဖွယ်ပါကွဲ့တကားဟုပင် ရွတ်ဆိုမိခဲ့သည်။

တောင်ခုလတ်တွင် လာရင်းလမ်းမှ မြောက်ဘက်သို့ ချိုးဆင်းကြပါသည်။ တောထူ၍ တောင် စောက်သော လမ်းငယ်ဖြစ်ပါသည်။ ဖိုးခေါင်ငှက်အော်သံ၊ ခါတုတ်သံ၊ ဘုတ်မြည်သံတို့ကို ကြားရပါ သည်။ နေပူသောအခါ သစ်ပင်ပျိုတို့၏ ရွက်သစ်ရိပ်တွင် ခိုရပါသည်။ တစ်ခုသော သစ်ပင်တွင် စက္ကူမုလေးပွားနှင့်တူသည့် သစ်ရွက်နုရောင်ပန်းများ တွဲလျားကျနေသည်ကိုတွေ့၍ မေးကြည့်ရာ ရေခမိုးပင်ခေါ်ကြောင်း သိရပါသည်။

သို့ဖြင့် ဥမင်ရေခေါ်သော မီးစောင့်ကင်းစခန်းသို့ ရောက်သွားပါသည်။ ပုပ္ပားတောင်ပေါ် တွင် ဆေးလိပ်မသောက်ရဟု တားမြစ်ထားသည်။ မီးသတိပြုဆိုသော ဆိုင်းဘုတ်များကို တောအနှံ့ တောင်အနှံ့ တွေ့ရသည်။ မီးတားလမ်းများကို တောင်စောင်းတောင်ထွတ်တို့တွင် ရှင်းလင်းဖောက်လုပ် ထားသည်။ မီးသတ်သမားများကို ကင်းတဲများနှင့် နေ့ရောညပါ စောင့်စေသည်။ ဥမင်ရေစခန်းတွင် ကျွန်တော်တို့ နံနက်စာစားသောအခါ မွန်းတိမ်းပြီဖြစ်ပါသည်။ စခန်းမှ အောက်ဘက်ချောင်းတွင်း သို့ ဆင်းလိုက်သောအခါ ရေတသွင်သွင်စီးထွက်နေသော ရေထွက်တစ်ခုကို မြင့်မားထူထပ်သော တောအုပ်အောက်တွင် တွေ့ရပါသည်။ အချို့ဘုရားဖူးများ ထိုရေထွက်တွင် ရေချိုးနေကြပါသည်။ အထက်သို့ အနည်းငယ်တက်ပြန်သော် တောင်ခါးပန်းတွင် ထွင်းထားသော ဂူဥမင်တစ်ခုကို တွေ့ရ

DBE BOX Copyright Protected

သည်။ ရှေးအခါက ပထမဦးအောင် စသူတို့ ထွက်ရာလမ်းရှာခဲ့ကြရာ ဂူဖြစ်ကြောင်း ပြောကြပါသည်။ ဂူရိပ်တွင် ကျွန်တော်တို့သည် တရေးတမောအိပ်၍ နေချိုမှ ပုပ္ပားမြို့သို့ ပြန်ခဲ့ကြပါသည်။

ဤသို့ဖြင့် ရောဂါကို ပျောက်စေသော ဆေးပင်များပေါက်ရာ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဗမာ့ငြိမ်းချမ်းရေးကို လိုလားသော သူတော်စင်တို့ မွေ့လျော်ရာ စမ်းရေထွက်များပေါများရာ ပုပ္ပားတောင်ကြီးတွင် လှည့်လည်ပြီးနောက် အချိန်ရောက်သောအခါ ကြိုဆိုပါ၏ဆိုသော မော်ကွန်းတိုင်များကို ဖြတ်ကျော်ပြန်၍ ပေါက္ကူပြည်ကြီးဆီသို့ ထွက်ခွာခဲ့ပါသတည်း။

မင်းသုဝဏ်

## လေ့ကျင့်ခန်း

၁။ ခရီးသွားစာပေကို မည်သည့်စာပေပုံသဏ္ဌာန်တို့ဖြင့် ရေးသားလေ့ရှိသနည်း။ "တောင်တော်ရွှေပုပ္ပား" သည် မည်သည့်ပုံစံဖြင့် ရေးသားထားသည့် ခရီးသွားဆောင်းပါးဖြစ်သနည်း။

၂။ "တောင်တော်ရွှေပုပ္ပား" ခရီးသွားဆောင်းပါးသည် ခရီးသွားစာပေ၏ အင်္ဂါရပ်များနှင့် ကိုက်ညီသော ဆောင်းပါးတစ်စောင်ဖြစ်ကြောင်း တင်ပြပါ။

၃။ "အရှိကိုအရှိအတိုင်းရေးသားခြင်း"ဟူသည့် သဘောကို "တောင်တော်ရွှေပုပ္ပား"တွင် တွေ့ရပါသလား။ အကြောင်းပြဖြေဆိုပါ။

၄။ "ခံစားမှုနှင့်ယှဉ်၍ရေးသားခြင်း"ဟူသည့် သဘောကို "တောင်တော်ရွှေပုပ္ပား"တွင် တွေ့ရပါသလား။ အကြောင်းပြဖြေဆိုပါ။

၅။ "တောင်တော်ရွှေပုပ္ပား"တွင် ကိုယ်ချင်းစာစိတ်နှင့်ယှဉ်၍ရေးသားထားသည့် အချက်များကို ထုတ်နုတ်တင်ပြပါ။

DBE BOX - Copyright Protected

# အခန်း - ၄

# ရသစာတမ်း၏ သဘောသဘာဝ

**ရသစာတမ်းဟူသည်မှာ**

"အကြောင်းအရာတစ်ခုခုကို စာရေးသူက ကိုယ်တိုင်တွေးမြင် တွေ့ကြုံခံစားရသည့် အနေအထား ဖြင့် ရသပါအောင် စကားပြေဖြင့် ရေးသားထားသော စာမျိုးဖြစ်သည်။"

ရသစာတမ်းတွင် အရေးအကြီးဆုံးအချက်မှာ ရသဖန်တီးမှုပင်ဖြစ်သည်။ စာရေးသူသည် မည်သည့် ရည်ရွယ်ချက်ရှိရှိ မည်သည့်အကြောင်းအရာကို ရေးရေး၊ မည်သည့် ပုံသဏ္ဌာန်ကို ဖော်ဖော် စာဖတ်သူကို နှစ်သက်မှု ရသပေးနိုင်ရန်လိုအပ်သည်။

ရသစာတမ်းကို ဖတ်ရှုပြီးနောက် ခံစားမှုနှင့်ယှဉ်သော ဘဝအသိအမြင် သို့မဟုတ် ပတ်ဝန်းကျင် က သတိပြုမိလာသော အသိအမြင်မျိုးကို ရသစာတမ်းက ပေးလေ့ရှိသည်။

ရသစာတမ်းကို ဖန်တီးရာတွင် စကားပြေအရေးအသား ရှင်းလင်းပြေပြစ်ခြင်း၊ ရည်ရွယ်ချက် ရောက်အောင် စည်းရုံးရေးဖွဲ့နိုင်ခြင်း၊ အစီအကုံး အသုံးအနှုန်းတို့ လှပသေသပ်ခြင်း၊ စာဖတ်သူနှင့် စကားပြောနေသကဲ့သို့ ရင်းနှီးကျွမ်းဝင်မှုရှိအောင် ရေးဖွဲ့လေ့ရှိခြင်းသည် ရသစာတမ်းများ၏ အင်္ဂါရပ် များဖြစ်ပါသည်။ ထို့ပြင် ရသစာတမ်း၏ ခေါင်းစဉ်သည် စာရေးသူ၏ ရည်ရွယ်ချက်ကို ပံ့ပိုးပေးနေ သည်ကိုလည်း သတိပြုသင့်သည်။

ရသစာတမ်းကဏ္ဍတွင် ဖော်ပြထားသော ကုသိုလ်ဆက်၊ စေတနာ သို့မဟုတ် ဝေဒနာ ရသစာတမ်းတို့သည် စာရေးသူတို့၏ စိတ်ခံစားချက်နှင့် အတွေးအမြင်ကို အခြေခံသည်။ ကုသိုလ်ဆက် ရသစာတမ်းက မျှော်လင့်ချက်ဟူသော ရောင်ခြည်ကို ပေးသည်။ စေတနာ သို့မဟုတ် ဝေဒနာ ရသစာတမ်းကလည်း မိမိပြုသော စေတနာအမှုသည် ဝေဒနာဖြစ်သွားတတ်ကြောင်းကို သတိပြု ဆင်ခြင်ဖွယ် အတွေးအမြင်ကိုပေးသည်။ စာဖတ်သူ လက်ခံနားဝင်လာအောင် ရေးဖွဲ့နိုင်သော ရသစာတမ်း၏ဂုဏ်ရည်ကို ထိုစာတမ်းတို့တွင် တွေ့ရပေမည်။

**ရွေးချယ်ချက်**

၁။ ကုသိုလ်ဆက်

၂။ စေတနာ သို့မဟုတ် ဝေဒနာ

DBE BOX - Copyright Protected

# ကုသိုလ်ဆက်

ကျွန်တော်၏အိမ်ရှေ့ရှိ သနပ်ပင်ကြီးကား နှစ်ကာလကြာရှည်လှပြီဖြစ်၍ သက်ကြီးရွယ်ရင့်တို့ဘာဝ ကွေးကောက်ကိုင်းညွတ်သောကိုယ်နှင့် ရင့်ရော်ကြမ်းခက်သောအရွက်များဖြင့် မလှသောအသွင်ကို ဆောင်တော့၏။ ဤသနပ်ပင်ကြီးကဲ့သို့ကွေးနိုင်၊ ကောက်နိုင်၊ ကိုင်းနိုင်သည့်အပင်မျိုးရှိမည်မထင်။

ကျွန်တော်တို့၏ အိမ်ကလေးပေါ်သို့ မိုးနိုင်အောင်ပင် မမြင့်သော်လည်း ပင်စည်ကို ဘီလူးလက်များဖြင့် ဆွဲ၍ဆန့်လိုက်ပါမူ ယခုရှိသော အမြင့်ထက် နှစ်ဆလောက်တိုး၍ မြင့်ပေလိမ့်မည်။ ဤပင်အိုကြီးသည် ယခင်ရှေးက ပင်ပျိုပင်နုဖြစ်ခဲ့၏။ လန်းဆန်းဝေဆာခဲ့၏။ နွေရာသီ ရွက်ဟောင်းကြွေ၍ ရွက်သစ်တွေဖူးသည့်အခါတွင် နုထွတ်စိမ်းဖတ်သည့် အညွန့်အရွက်ကလေးများကို ကျွန်တော်တို့ငယ်စဉ်က နှစ်တိုင်းနှစ်တိုင်း ခူးကာ ချူကာ ချဉ်ရေဟင်းချက်၍ မြိန်မြိန်ရှက်ရှက်ကြီး စားသောက်ခဲ့ကြ၏။ ယခုကား ရွက်ညွန့်ရွက်သစ်များ ဝေဆာခြင်း မရှိတော့ပေ။ သိသိသာသာ ရွက်သစ်လဲခြင်းမရှိတော့ပေ။ ရှေးအခါက နေမင်းပူရှိန်သည့် နွေခါချိန်တွင် ထူထပ်ပေါများသောအရွက်တို့၏တန်ခိုးကြောင့် ကျယ်ဝန်းစိမ့်အေးသောအရိပ်ဖြင့် ဝင်ရောက်ခိုလှုံသူခရီးသည်တို့အား နှစ်သိမ့်စေခဲ့၏။ ယခုကား ကျိုးတိုးကျဲတဲရှိသော အရွက်တို့ကို နေမင်း၏ပူရှိန်သော အရောင်တို့သည် အလွယ်တကူထိုးဖောက်ကာ သစ်ပင်အောက်ရှိ အရိပ်ကို ကွက်တိကွက်ကျားနေအောင် ဖန်တီး၏။ ဖြတ်သန်းသွားလာသော ခရီးသည်တို့သည် ခိုလှုံရပ်နားစရာ အရိပ်ရှိသည်ဟုပင် မသိမမှတ်ကြတော့ပေ။ ဤသနပ်ပင်ကြီးကား သဘာဝမွေ့အတိုင်း တဖြည်းဖြည်း အိုမင်းမစွမ်းရှိခဲ့ရသည် မဟုတ်ရှာပေ။ လူတို့၏ စိတ်လိုရာကိုဖြည့်စွမ်းနိုင်စေခြင်းငှာ ဖန်တီးကြံစည်ထားသည့် လောကဓာတ်ပညာ၏ အသိုင်းအဝန်း အစေအပါးတို့ကြောင့် ညှဉ်းဆဲခြင်းခံခဲ့ရရှာ၏။ နှစ်တိုင်းပင် ဓာတ်ကြိုးဘက်မှလည်းကောင်း မြူနီစီပယ်ဘက်မှလည်းကောင်း လက်နက်အပြည့်အစုံနှင့် ကုလားများလာ၍ ဓာတ်ကြိုးများသွယ်ထားသော လမ်းဘက်ရှိအရွက်အခက် ကိုင်းကြီးကိုင်းငယ်များကို ဖြတ်တောက်၊ ခုတ်ထစ်သုတ်သင်ပစ်ကြကုန်၏။

အပင်ကြီးကား သနားစရာ။ အိမ်ဘက်ကလည်း အလင်းရောင်မရ။ လမ်းဘက်ကလည်း ခုတ်ပစ်။ အရှေ့ဘက်ကလည်း အိမ်သို့သွယ်ထားသော ဓာတ်ကြိုးကြောင့် အကိုင်းအခက် မထုတ်ရ။ သုံးဖက်မှအနှိပ်စက်ကို ခံရရှာသဖြင့် ကျန်တစ်ဖက်သို့ ကိုင်းထွက်ကာ ကောက်ကွေးခြင်းဘဝသို့ရောက်ရရှာလေသည်။

ကျွန်တော်၏ အဘွားသည် ရေအိုးစင်တည်၍ ရေကုသိုလ်ပြုရန် ဆုံးဖြတ်လိုက်၏။ ရေအိုးစင်ပုံပန်းသဏ္ဌာန်နှင့် ဆောက်လုပ်ပုံကို စီမံသူကား ကျွန်တော်၏ဖခင်။ လက်စိုက်၍ လုပ်ကိုင်သူကားတပည့်ကျော် မြသီး။ ကျွန်တော်ကား နံဘေးမှရပ်လျက် အားပေးအားမြှောက်ပြုကာ မနေသာ၊ ဝစီကံဖြင့် ကူညီ၏။ ရေအိုးစင်ကလေး သပ်သပ်ရပ်ရပ်ရှိပေပြီ။ ခိုင်ခိုင်ခံ့ခံ့တည်ထားပေပြီ။ သဘော်ဆေးဖြူသုတ်ထားသည့် အမိုးနှင့် ခြေတံတို့ကြောင့် ကျက်သရေပဝင်းလျက် ရေသောက်သူများ ရေမွတ်သိပ်ခြင်းကို ပြေပျောက်စေရုံသာမက စိတ်နှလုံးကိုပါနှစ်သိမ့်စေ၏။ ရေအိုးစင်ကလေးကို သနပ်ပင်ကြီး



DBEBOX, Copyright Protected

အောက်မှလွဲ၍ အဘယ်နေရာ၌ ထားပါအံ့နည်း။ ရေသောက်သူများကား ရေကိုအားရပါးရခပ်ယူကြ၏၊ သောက်၍မကုန်နိုင်သည့်အခါ သစ်ပင်ရင်းသို့ပက်သွန်ခဲ့ကြ၏။ ကျွန်တော်တို့၏ ကုသိုလ်ကို ပွားများစေလိုကြဟန်တူ၏၊

တစ်နေ့သောအခါ သနပ်ပင်ကြီး၏ အောက်ခြေမှ သနပ်ပင်ပျိုကလေးတစ်ပင် မြေနားတွင်ကပ်လျက် ပေါက်လာ၏။ ဤသနပ်ပင်ကြီးကို ကျွန်တော်တို့သည် မျှော်လင့်ခြင်းကင်းသောဘဝ၊ သစ်သစ်လွင်လွင် ဖန်တီးနိုင်ရန်ပေးသောဘဝသို့ ရောက်ရှိလေပြီဟု မှတ်ယူထား၏။

မည်သည့်မိုးဦးလေဦး တိုက်ရာတွင် လဲပြိုမည်နည်းဟု စောင့်စားခဲ့၏။ မလဲပြိုစေချင်။ သို့သော် လောကသဘာဝအတိုင်း ဤတလှုပ်လှုပ်တကုပ်ကုပ်ရှိသောပင်အိုသည် လဲပြိုခြင်းသဘောကို လွန်ဆန်နိုင်မည် မဟုတ်တော့ဟု ထင်မိခဲ့၏။ ဤမွဲခြောက်ခြောက် ရော်ရင့်ရင့်ရှိသောအပင်သည် သက်တမ်းစေ့လုနီးပြီ ဖြစ်ရကား၊ ခက်နုကိုင်းပျို ပေါက်ရောက်ထိုးထွက်ရန် မတတ်နိုင်တော့။ အားကုန်ခဲ့ပြီဟု ကျွန်တော်တို့ မှတ်ယူခဲ့၏၊ ယခုကား ဤအပင်၏ကိုယ်လုံးပင်ခြေအရင်းနားမှ အသက်သစ်ဖြစ်သော ပင်ပျိုကိုင်းခက်ကလေး ထွက်လာ၏၊ ထွက်လာရုံသာမက တစ်နေ့တခြားကြီးထွားလာ၏၊ အရွက်အခက်တို့နှင့် ပြည့်စုံလာ၏။ တစ်နေ့ထက်တစ်နေ့မြင့်လာ၏၊ ကောင်းကင်အထိတက်ရန်ပင် တာဝန်လေးလှမည်မဟုတ်ဟူသော သဘောမျိုးရှိလေရော့သလားမသိ။ အညွန့်တလူလူနှင့် ထောင်လွှားကာနုမာန်ပျိုးလျက်ရှိ၏၊ လူမချိုး၊ နွားမစား၊ ဆိတ်မညှဉ်းဘဲ ဝင့်ကြွားလာခဲ့၏၊

ယခုအခါ ဤအပင်ကလေးသည် ကျွန်တော်၏ တစ်ရပ်ရှိပေပြီ၊ အပင်ကလေးဟု ကျွန်တော်ဆို၏။ ပင်စည်လုံးမှ ပေါက်လာသော အကိုင်းကလေးပင် စင်စစ်ဖြစ်သော်လည်း မြေနားမှကပ်ပေါက်သည် တစ်ကြောင်း၊ တည့်တည့်မတ်မတ် တစ်ဟုန်တည်းထိုး၍ အပင်များကဲ့သို့ ပေါက်လာသည် တစ်ကြောင်း၊ ဤအကြောင်းတို့ကြောင့် အပင်ကလေးနှင့်တူနေ၏၊

ပင်ပျိုကလေး၏ အရွက်နုကလေးများကို မြင်ရတိုင်း ကျွန်တော်၏စိတ်သည် နုပျိုသစ်လွင်လာ၏၊ မတွေးဖူးသော အကြံများ၊ မကြုံဖူးသော စိတ်ကူးများ၊ စိတ်မကူးဖူးသော မျှော်လင့်ချက်များ၊ မမျှော်လင့်ဖူးသော ဉာဏ်သစ်များသည် ပေါ်ပေါက်ဝေဆာလာ၏၊

ပင်ပျိုကလေး၏ စိမ်းစိုနုဖပ်သောအဆင်သည် လောကကြီးကို တန်ဆာဆင်တော့၏၊ ပင်ပျိုကလေး၏ မကြောက်မရွံ့၊ မထိတ်မလန့်၊ မကြောင့်မကြ၊ မစိုးရိမ်သောအသွင်သည် ကျွန်တော့်အားအားပေးလျက်ရှိ၏၊ ဤပင်ပျို၏ မျှော်လင့်ခြင်းသည် ကျွန်တော်၏ မျှော်လင့်ခြင်း၊ ဤပင်ပျို၏ ရဲဝံ့ခြင်းသည် ကျွန်တော်၏ရဲဝံ့ခြင်း၊ ဤပင်ပျို၏ နုပျိုတောင့်တင်းဝေဆာခြင်းသည် ကျွန်တော်၏နုပျိုတောင့်တင်းဝေဆာခြင်း။ ဤပင်ပျိုခရီးသည် ကျွန်တော်၏ခရီး၊ ဤပင်ပျိုကား ကျွန်တော်၊ ကျွန်တော်ကား ဤပင်ပျိုဟုဆိုရမတတ် ဤပင်ပျိုသည် ကျွန်တော်၏စိတ်ကို ဖုံးလွှမ်းစိုးမိုးလေတော့သည်။

နွယ်စိုး

DEEBOX-Copyright Protected

**လေ့ကျင့်ခန်း**

၁။ ရသစာတမ်းတွင် စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေးပေါ်နေခြင်းသဘောကို "ကုသိုလ်ဆက်" ရသစာတမ်းနှင့်ကိုးကား၍ တင်ပြပါ။

၂။ "ကုသိုလ်ဆက်" ရသစာတမ်းသည် စာဖတ်သူကိုစွဲဆောင်နိုင်သော ရသစာတမ်းကောင်းတစ်ပုဒ် ဖြစ်ပုံကို ဆွေးနွေးတင်ပြပါ။

၃။ "ကုသိုလ်ဆက်" ရသစာတမ်းမှ တွေ့ရသည့် အတွေးအမြင်များကို ဖော်ပြပါ။

၄။ "ကုသိုလ်ဆက်" ရသစာတမ်းမှ ခံစားရရှိသည့် ရသများကို ဖော်ပြပါ။

၅။ "ကုသိုလ်ဆက်" ရသစာတမ်းမှ နွယ်စိုး၏ အရေးအသားကို လေ့လာတင်ပြပါ။

DBE BOX - Copyright Protected

# စေတနာ သို့မဟုတ် ဝေဒနာ

ပတ်ဝန်းကျင်သည် အနည်းနှင့်အများ လူကိုပြုပြင်၏။ အတွေ့အကြုံရင့်ကျက်ပြီးသားလူတို့ထက် မရင့်ကျက်သေးသော လူငယ်လူရွယ်တို့ကို ပို၍ပြုပြင်၏။ လူငယ်လူရွယ်တို့ထက် အတွေ့အကြုံမရှိတတ်သေးသော ကလေးသူငယ်တို့ကို ပို၍ပင်ပြုပြင်၏။ ကျွန်တော်သည် ကလေးသူငယ်တို့နှင့် ပတ်ဝန်းကျင်ဆက်ဆံပုံကို အခါအခွင့်သင့်တိုင်း အကဲခတ်ကြည့်မိသည်။ ကလေးသူငယ်တို့သည် ပတ်ဝန်းကျင်ကိုလိုက်၍ အတုယူလေ့၊ အတတ်သင်လေ့ရှိ၏။

ဥပမာ ရဲဂတ်ဝင်းထဲတွင်နေကြသော ကလေးသူငယ်တို့ကိုကြည့်ပါ။ သူတို့သည် ရဲအရာရှိ၊ ရဲအမှုထမ်းတို့၏ ပုံပန်းသဏ္ဌာန်၊ အပြောအဆို အမူအရာ၊ အနေအထိုင်တို့ကိုလိုက်၍ အတုယူလေ့၊ အတတ်သင်လေ့ရှိကြသည်။

ကလေးချင်းစုမိ၍ ကစားကြရာ၌ပင် 'သူခိုးနှင့်ရဲ' ကစားနည်းမျိုးကို မကြာခဏ ကစားတတ်ကြသည်ကိုတွေ့ရသည်။ တစ်စုက (ရဲ) အဖွဲ့လုပ်လျှင် ကျန်တစ်စုက သူခိုးအဖွဲ့လုပ်ကြသည်။ ထိုသို့ သူခိုးတစ်ဖွဲ့ ရဲတစ်ဖွဲ့ ဖွဲ့စည်းရာတွင် ရဲအဖွဲ့ထဲတွင် ပါချင်သူကများ၍ သူခိုးအဖွဲ့ထဲပါချင်သူက နည်းတတ်သည်။ သူတို့စိတ်တွင် သူခိုးသည် မကောင်းဆိုးရွားဖြစ်၍ ရဲသည် မကောင်းဆိုးရွားကို ဖမ်းဆီးအပြစ်ပေးရသော သူကောင်းဖြစ်သည်ဟူသော အသိကောင်းကလေး ရနေကြခြင်းကြောင့် ဖြစ်ဟန်တူသည်။ သူခိုးလုပ်သူကလေးအဖွဲ့ကို (ရဲ)လုပ်သူကလေး အဖွဲ့က ဖမ်းကြဆီးကြသည်။ ဖမ်းဆီးမိလျှင် လက်ထိတ်ခတ်ဟန်၊ ကြိုးချည်လာပုံ၊ ဖမ်းဆီးခေါ်ဆောင်လာပုံ၊ စစ်ဆေးမေးမြန်းပုံ၊ မေးမြန်းစစ်ဆေးသော်လည်း ဖြောင့်ချက်မရသောအခါ ရိုက်နှက်စစ်ဆေးပုံတို့မှာ တစ်ခါတစ်ရံ သရုပ်ပေါ်လှပေသည်။

ထိုနည်းတူ ဆေးရုံဝင်းထဲတွင်နေ၍ ဆရာဝန်များ လူနာများနှင့် နီးစပ်သော ကလေးသူငယ်တို့သည် ဆရာဝန်လုပ်တမ်း၊ လူနာလုပ်တမ်း၊ ဆေးထိုးတမ်း၊ ခွဲစိတ်တမ်း၊ ဆေးပေးတမ်းစသည်ဖြင့် ကစားလေ့ရှိကြသည်။ ထိုသို့လျှင် ကလေးတို့သည် အတုမြင် အတတ်သင်ရာမှ ဝါသနာမျိုးစေ့သည် အမြစ်တွယ်ခိုင်မာလာသည်ဟု ယူက ရနိုင်ပေသည်။ ပတ်ဝန်းကျင်မကောင်းသည့်အလျောက် ကလေးတို့၏ဘဝသည် ရင့်မာဖြစ်ထွန်းလာရမြဲဖြစ်၏။ အမိအဖတို့၏ အဆုံးအမ၊ အဆွေအမျိုးတို့၏ အစောင့်အရှောက်၊ အပေါင်းအဖော်တို့၏ အမူအရာကိုမှီ၍ ကလေးတို့သည် သစ်ပင်ကြိုသစ်ပင်ကြားမှ ရွက်ဝါကလေးကဲ့သို့ လေလွင့်ရင်းကြွေမွသွားရသည်လည်း ရှိတတ်၏။ မိုးပေါ်က ကြယ်ပွင့်ကလေးကဲ့သို့ ဖျတ်ဖျတ်တောက်ပလာရသည်လည်း ရှိတတ်၏။ ကျွန်တော့်ဝါသနာအတိုင်း ကလေးတို့ကို အကဲခတ်ကြည့်တတ်ရာ အနာဂတ်ကာလအတွက် အားတက်ဖွယ်ကောင်းသော ကလေးကိုတွေ့သည့်အခါ အားတက်ရသည်။ အားလျော့ဖွယ်ကောင်းသောကလေးကိုတွေ့သည့်အခါ အားလျော့ရပေသည်။

DBE BOX - Copyright Protected

လွန်ခဲ့သည့်နှစ် (၁၉၆၃-၆၄) အတွင်းက ကျွန်တော်သည် ရန်ကုန်မှ မော်လမြိုင်သို့ ခဏခဏ သွားခဲ့ရ၏။ မော်လမြိုင်မှ ရန်ကုန်သို့လည်း ခဏခဏပြန်ခဲ့ရ၏။ သွားရပြန်ရသော အခေါက်ပေါင်း ကား များလှစွာ၏။ သွားရပြန်ရတိုင်း ရထားနှင့်ချည်းဖြစ်သည်။ ရထားစီးရလွန်းသဖြင့် ငြီးငွေ့ပျင်းရိ လာသော်လည်း ရထားပေါ်တွင် မှိန်း၍ ငိုက်၍မလိုက်တတ်သော ကျွန်တော့်မှာ မျက်လုံးအကြောင်သား နှင့် ဟိုကြည့်သည်ကြည့် ကြည့်ရင်းသာ လိုက်ခဲ့ရပေသည်။ ရထားလမ်းတစ်လျှောက် တချို့နေရာများ တွင် ကြည့်စရာ တောတောင်စိမ့်စမ်းများလည်းရှိတတ်၏။ တချို့နေရာများတွင် လယ်ကွင်း ယာခင်းများ လည်း ရှိတတ်၏။ တချို့ တောင်ထွတ်တို့တွင် ရွှေပြောင်ပြောင် စေတီကလေးများလည်း ရှိတတ်၏။ သို့သော် ထိုတောတောင် စိမ့်စမ်းတို့သည်လည်းကောင်း၊ လယ်ကွင်းယာခင်းတို့သည် လည်းကောင်း၊ တောင်ထွတ်စေတီတို့သည်လည်းကောင်း ကျွန်တော့်စိတ်အာရုံကို အခေါက်တိုင်း မစွဲဆောင်နိုင်ကြ ပေ။ ကျွန်တော့်စိတ်အာရုံကို အခေါက်တိုင်းစွဲဆောင်နိုင်သူတို့ကား သထုံမြို့နှင့် နွံပုလဲမြို့အကြား ရထားလမ်းဘေးရှိ ကျေးရွာကလေးများသာဖြစ်သည်။ ထိုကျေးရွာကလေးများမှာ တစ်ရွာနှင့် တစ်ရွာ အလှမ်းမဝေးလှချေ။ ရထားလမ်းတစ်လျှောက် မလှမ်းမကမ်းလောက်တွင် ပြတ်တောင်း ပြတ်တောင်း တည်နေကြသည့် ရွာကလေးများမှာ ထည်ထည်ဝါဝါမရှိလှ၊ ဝါးတဲကလေးများသာ ဖြစ်ကြသည်။ လယ်နားယာနားတွင်နေကြသဖြင့် ရွာမှီလူတို့မှာလည်း များသောအားဖြင့် လယ်သမား ယာသမားများ သာ ဖြစ်တန်ရာသည်။ ရွာ့အရှေ့ဘက်တွင် ကားလမ်းကလည်းရှိနေသဖြင့် တချို့မှာ ဆေးလိပ်အစ၊ ကွမ်းယာအစ၊ မုန့်ပဲသရေစာအစ ရောင်းသော ဈေးသည်ကလေးများ ဖြစ်ကောင်း ဖြစ်ကြပေမည်။ တစ်ရွာလုံးကို ခြုံ၍ဆိုရသော် ရွာဆင်းရဲကလေးဖြစ်အံ့ဟု ဆိုရမည်ထင်သည်။ ထို ရွာပေါက် ကလေး သူငယ်များကား များလှပါဘိ။ ရထားလာချိန်ရောက်လျှင် ရွာရှိကလေးအားလုံးတို့သည် ရွာနောက်ဘက် သို့ အုပ်လိုက်အုပ်လိုက်ထွက်ကာ စောင့်နေတတ်ကြ၏။ ကလေးတို့မှာ အရွယ်ရွယ်အစားစားဖြစ်ကြ သည်။ ၅ နှစ်သားအရွယ်လောက်မှ ၁၃ နှစ်သား၊ ၁၄ နှစ်သား အရွယ်လောက်အထိ ဖြစ်သည်။ တချို့မှာ ကိုယ်တွင်အဝတ်မပါ။ ဗိုက်ပူနံကားကလေးများဖြစ်သည်။ တချို့မှာ လုံကွင်းညစ်ကလေး၊ ဘောင်းဘီတို ညစ်ကလေး စသည်ဖြင့်ဝတ်ထားတတ်ကြသည်။ များသောအားဖြင့် ကလေးအားလုံးလိုလို အင်္ကျီဝတ် မထားတတ်ကြပေ။

ထိုကလေးအုပ်သည် ရွာနားသို့ ရထားဝင်လာသည်နှင့်တစ်ပြိုင်နက် ခုန်သူခုန်၊ ပေါက်သူ ပေါက်၊ အော်သူအော်၊ ခေါ်သူခေါ်၊ လက်ပြသူပြနှင့် ရွှင်ပျမြူးထူးနေကြသည်။ ကျွန်တော်လည်း ရထားထိုနေရာသို့ရောက်တိုင်း ပြတင်းဘောင်တွင်လက်ထောက်၍ ကလေးများရှိရာသို့ လှမ်းကြည့် လိုက်မိသည်ချည်းဖြစ်၏။ ကျွန်တော်သာမက ရထားတွဲများထဲမှ ခရီးသည်တို့လည်း လှမ်းကြည့်တတ် ကြသည်။ ပထမတစ်ခေါက်ရောက်ဖူးစက ကျွန်တော့်စိတ်တွင် ကလေးတို့ဘာဝ ရထားခုတ်ပုံ၊ သင်္ဘော ခုတ်ပုံ စသည်တို့ကို ကြည့်ချင်ပျော်ချင်သော စိတ်ရှိ၍ လာရောက်ကြည့်ကြသည်၊ ပျော်ကြသည်ဟု ထင်မိ၏။ စင်စစ်မှာ ကျွန်တော်ထင်သကဲ့သို့ မဟုတ်ပေ။



DBE BOX - Copyright Protected

ရထားပေါ်မှ ခရီးသည်တချို့သည် ထိုနေရာသို့ရထားရောက်၍ ကလေးတွေကို မြင်လျှင် သဒ္ဓါစိတ်ဖြစ်၍ လှူချင်တန်းချင် ပေးကမ်းစွန့်ကြဲချင်ကြသည်ထင်၏။ ထို့ကြောင့် မိမိတို့တွင် ပါလာ တတ်သော သကြားလုံး၊ ချောကလက်၊ ကောက်ညှင်းထုပ်၊ စိမ်းစားဥ၊ ပြောင်းဖူး စသည့်သရေစာ များကိုလည်းကောင်း၊ တချို့က ငါးပြားစေ့၊ ဆယ်ပြားစေ့စသည့် ပိုက်ဆံကြွေများကိုလည်းကောင်း လွှင့်ပစ်ပေးကမ်းတတ်ကြသည်။ ရထားပေါ်မှ ပစ်လိုက်သမျှကို ကလေးတို့သည် သူ့ထက်ငါ တိုးဝှေ့ ၍ တပျော်တပါး လုယူကြသည်။ အတင်းတိုး အတင်းလုကြသဖြင့် လဲသူလဲ၊ အော်သူအော်၊ ပိသူပိ၊ ငိုသူငို၊ ဆဲသူဆဲနှင့် ဆူညံကျန်ရစ်ခဲ့ကြသည်။ ကလေးတို့အဖြစ်ကိုကြည့်၍ အလှူ့ရှင်ခရီးသည်တို့သည် အားရကျေနပ်ခြင်းဖြစ်လျက် မိမိတို့လွှင့်ပစ် စွန့်ကြဲလိုက်သောကုသိုလ်အတွက် နှုတ်တဖွဖွ ဆုတောင်း ကြ၏။ ကျွန်တော့်စိတ်၌မူ ဝမ်းလည်းမသာ၊ အားလည်းမရ၊ သာဓုလည်း မခေါ်ချင်ပေ။

ရထားသည် ထိုကလေးတို့၏ ရွာများကို ကျော်လွန်၍ ခုတ်မောင်းလာခဲ့ပြီဖြစ်သော်လည်း ကျွန်တော်၏စိတ်မျက်စိတွင် ထိုကလေးတို့သည် ပျောက်ပျက်သွားခြင်းမရှိပေ။ လမ်းတစ်လျှောက်လုံး သူတို့၏ ဘဝအကြောင်းကလေးများသည် ကျွန်တော့်စိတ်ထဲတွင် တမြုံမြုံ။

တစ်နေ့တစ်နေ့လျှင် ထိုရွာများကို ဖြတ်သွားရသောရထားသည် အနည်းဆုံး ခြောက်စီးထက် မနည်းရှိ၏။ ရထားလာချိန်တိုင်း မုန့်စားရတတ်မှန်း၊ ပိုက်ဆံရတတ်မှန်းသိသော ထိုကလေးတို့သည် ရထားအလာကိုသာ တမျှော်မျှော်ရှိနေကြပေလိမ့်မည်။ ကစားချိန်၊ ကျောင်းတက်ချိန်၊ စာအံချိန်တို့ သည် ထိုကလေးများအဖို့ ရထားလာချိန်လောက် စိတ်ဝင်စားဖွယ်ကောင်းတော့မည်မဟုတ်။ ထို့ပြင် ရထားလာချိန်ကိုစောင့်လျှင် မပင်မပန်းနှင့် အလကားစားရသည်ဟူသော အသိဆိုးသည် သူတို့၏ စိတ်ကို လွှမ်းမိုးလာနိုင်သည်။ သို့လွှမ်းမိုးလာသည်နှင့်အမျှ သူတစ်ပါးကို အားကိုး၍ မိမိကိုယ်ကို အားကိုးရမှန်းမသိသော စိတ်ညံ့၊ ပညာသင်ရမှန်းမသိသော စိတ်ညံ့၊ အလုပ်လုပ်ရမှန်းမသိသော စိတ်ညံ့ စသည့်စိတ်ညံ့တို့သည် ကလေးတို့၏ဘဝကို ဖျက်ဆီးပစ်ကြပေလိမ့်မည်ထင်၏။ ကလေးများ ကို ဖျက်ဆီးပစ်ခြင်းသည် အနာဂတ်တိုင်းပြည်ကို ဖျက်ဆီးပစ်ခြင်းပင် မဟုတ်ပါလော။

ကျွန်တော်တို့ မြန်မာလူမျိုးသည် သဒ္ဓါနှင့် စေတနာ ပွားများထက်သန်တတ်သော လူမျိုးအဖြစ် ဂုဏ်ယူလိုက ယူဖွယ်ဖြစ်ပါသည်။ သို့သော် လှူသည့်တန်းသည့် နေရာတွင် "ငါလှူလျှင် ငါ ကုသိုလ် ရမည်" ဟူသော အသိတစ်ခုတည်းထား၍ လှူတတ်ကြသည်။ ထိုအသိတစ်ခုတည်းနှင့် သူတို့သည် နှစ်သက်တတ်ကြသည်။ ထိုနှစ်သက်ခြင်းသည် ကလေးတို့၏ တစ်ခဏတာမျှသော အချိန်တွင် ဖြစ်ရ သောပျော်ရွှင်ခြင်း၊ မြူးထူးခြင်းတို့ အပေါ်၌သာတည်သည်။ ကလေးတို့၏ တစ်သက်တာ ဝမ်းသာခြင်း၊ ပျော်ရွှင်ခြင်း၊ မြူးထူးခြင်းတို့အပေါ်၌ မတည်။ ထိုအချက်ကိုမူ အလှူ့ရှင်တို့သည် ရိပ်မိကြဟန်မတူပေ။

DBE BOX - Copyright Protected

မည်သို့ပင်ဖြစ်စေ အလှူ့ရှင်တို့၏စေတနာကို ကျွန်တော်မဝေဖန်ချင်ပါ။ ကောင်းမြတ်သည်ဟုဆိုက ဆိုနိုင်ပါသည်။ သို့သော် ကလေးတို့အတွက် တစ်ခဏတာမျှသာ စိတ်ချမ်းသာမှုကို ဖြစ်စေသော အလှူမျိုးထက် တစ်သက်တာစိတ်ချမ်းသာမှုကိုဖြစ်စေသော အလှူမျိုးကို ပို၍စဉ်းစားသင့်သည်ဟု ထင်သည်။

ထိုအလှူမျိုးသည် ရုတ်တရက်အားဖြင့် မဖြစ်နိုင်ဟု ထင်ဖွယ်ရှိသည်။ မှန်၏။ သို့သော် နေ့စဉ်နေ့တိုင်း ထိုနေရာများတွင် စွန့်ကြဲခဲ့သမျှတို့ကို စနစ်တကျ စုဆောင်းထိန်းသိမ်းထားမည်ဆိုပါစို့ ကြာလတ်သော်-

စာသင်ကျောင်းတစ်ကျောင်း ဖြစ်လာနိုင်သည် မဟုတ်ပါလော။

စာကြည့်တိုက်တစ်တိုက် ဖြစ်လာနိုင်သည် မဟုတ်ပါလော။

ဆေးရုံတစ်ရုံ ဖြစ်လာနိုင်သည် မဟုတ်ပါလော။

**တက္ကသိုလ်မင်းမော်**

**လေ့ကျင့်ခန်း**

၁။ ရသစာတမ်းတွင် စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေးပေါ်နေခြင်းသဘောကို "စေတနာ သို့မဟုတ် ဝေဒနာ" ရသစာတမ်းနှင့်ကိုးကား၍ တင်ပြပါ။

၂။ "စေတနာ သို့မဟုတ် ဝေဒနာ" ရသစာတမ်းသည် စာဖတ်သူကိုစွဲဆောင်နိုင်သော ရသစာတမ်းကောင်းတစ်ပုဒ်ဖြစ်ပုံကို ဆွေးနွေးတင်ပြပါ။

၃။ "စေတနာ သို့မဟုတ် ဝေဒနာ" ရသစာတမ်းသည် အကြောင်းအရာထက် အတွေးအမြင်ခံစားမှုကို အားပြုသည်ဆိုသောသဘောကို လက်ခံပါသလား။ ရှင်းပြပါ။

၄။ " စေတနာ သို့မဟုတ် ဝေဒနာ" ရသစာတမ်းမှ တက္ကသိုလ်မင်းမော်၏ ရသမြောက်သရုပ်ဖော်အဖွဲ့ကောင်းများကို လေ့လာတင်ပြပါ။

၅။ သင်၏ ကိုယ်တိုင်အတွေ့အကြုံတစ်ခုကို ရသစာတမ်းငယ်တစ်စောင် ရေးဖွဲ့ပြပါ။

DBEBOX - Copyright Protected

# အခန်း – ၅

# အတ္ထုပ္ပတ္တိစာပေ၏ သဘောသဘာဝ

**အတ္ထုပ္ပတ္တိစာပေဟူသည်မှာ**

"ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘဝဖြစ်စဉ်နှင့် စရိုက်လက္ခဏာကို ဖတ်ချင်စဖွယ် ဖြစ်အောင် ရသသဘောနှောကာ ရေးသားသည့် စာပေမျိုး ဖြစ်သည်။"

အတ္ထုပ္ပတ္တိကိုဖန်တီးသူသည် ထိုပုဂ္ဂိုလ်၏ ဘဝနှင့်စပ်လျဉ်းသည့် အချက်အလက် များကို မှန်ကန်အောင် အားထုတ်ရေးသားခြင်းမျိုး ရှိသလို ဖတ်ချင်စဖွယ်ဖြစ်အောင် ရသနှော၍ ရေးသားခြင်းမျိုးလည်း ရှိသည်။ အချက်အလက်ကို အသားပေးပါက ဘဝဖြစ်စဉ် မှတ်တမ်းသဖွယ်ဖြစ်နေတတ်သည်၊ ရသဖန်တီးမှုကိုအသားပေးပါကလည်း ဝတ္ထုသဘော အလေးကဲသွားတတ်သည်၊

ထို့ပြင် အကောင်းအဆိုး ဒွန်တွဲနေသော လောကသဘောကို နားလည်ပြီး မိမိရေးသား နေသော ပုဂ္ဂိုလ်၏ အားနည်းချက် အားသာချက်တို့ကို ဖော်ပြကာ ဘဝသင်ခန်းစာရအောင် အတုယူဖွယ်ဖြစ်အောင် အကြောင်းအချက်နှင့် ရသဖန်တီးမှုကို အချိုးညီညီရေးသားလေ့ရှိကြပေသည်၊

အတ္ထုပ္ပတ္တိစာပေကဏ္ဍတွင် ဖော်ပြထားသော အမျိုးသားကောလိပ်ကျောင်းဆရာ ဆရာလွန်း နှင့် လရောင်အောက်မှ အမေ့ခေတ်စမ်းစာ အတ္ထုပ္ပတ္တိနှစ်ပုဒ်သည် သုတရသနှစ်ဖြာ ရောပြွမ်းနေသည် ဟု ဆိုနိုင်ပါသည်၊ ဆရာလွန်းဆိုသော သခင်ကိုယ်တော်မှိုင်း၏ ရုပ်ပုံလွှာကို အမျိုးသားကောလိပ် ကျောင်းဆရာတစ်ဦးအဖြစ် တွေ့ရသည်၊ ဆရာလွန်း၏ ဘဝနှင့် အမျိုးသားရေးအတွက် ဇာတိမာန် စာပေများ သင်ကြားပေးကာ တပည့်တို့၏ ဝံသာနုစိတ်ဓာတ် နိုးကြားအောင် ကြိုးပမ်းခဲ့ပုံကို အားမာန်တက်ကြွဖွယ် ရေးသားထားသည်။ လိပ်ပြာနှင့် ကြာကုမုဒ် ကဗျာဖြင့် ခေတ်စမ်းကဗျာစာဆို တစ်ဦးအဖြစ် ထင်ရှားခဲ့သော ဒေါ်ခင်စောမူ၏ ဘဝပုံရိပ်နှင့်ခံစားမှုများကို သမီးဖြစ်သူက အမှတ်တရ လွမ်းသံ တမ်းတသံတို့ဖြင့် စာဖွဲ့ဟန်ကိုလည်း ထိုရသစာတမ်းတို့တွင် တွေ့နိုင်မည်ဖြစ်သည်၊

**ရွေးချယ်ချက်**

၁။ အမျိုးသားကောလိပ်ကျောင်းဆရာ ဆရာလွန်း

၂။ လရောင်အောက်မှ အမေ့ခေတ်စမ်းစာ

DBE BOX - Copyright Protected

## အမျိုးသားကောလိပ်ကျောင်းဆရာ ဆရာလွန်း

ဗဟန်းတိုက် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းအောက်ထပ်၌ အသင့်အတင့်ကျယ်ဝန်းသော အခန်းတစ်ခန်း ရှိလေသည်။ ထိုအခန်းအပြင်ဘက်တံခါးဝ၌ မြန်မာရာဇဝင်ခန်းဟူသောစာကို ရေးသားထားကြောင်း ယနေ့ပင် တွေ့နိုင်ပေသေး၏။

ယခုအခါ ထိုအခန်းကား အမှိုက်သရိုက်ဖြင့် ပြည့်နှက်၍ဖုံအလိမ်းလိမ်းကပ်နေလေပြီ။ နံရံကြမ်းပြင်များလည်း ပိုးစားကုန်လေပြီ။ အောက်ခင်း သမံတလင်းကား ကျိုးပဲ့ပျက်စီး၊ အင်္ဂတေလည်း မရှိဖြစ်လေပြီ။ အထက်မျက်နှာကြက်တွင် လျှပ်စစ်မီးသီးနှင့်ကင်းမဲ့၍ ပင့်ကူများပျော်မွေ့ရာ စလောင်းဖုံကို တွေ့နိုင်လေသည်။ ထိုအခန်းသည် ယခုအခါ ငြီးငွေ့ဖွယ်၊ ရွံရှာဖွယ်ရာ အခန်းဖြစ်နေလေပြီ။ ထိုအခန်းသည် ပျားကောင်များစွန့်ခဲ့သော ပျားလပို့နှင့် တူနေလေသည်။ အခန်းတွင်း၌ လူးလာခတ်နေသော စိမ်းရွှေရွှေ မှိုနံ့သည် အခန်းအနီးသို့ ရောက်လာသူကို မဝင်နှင့်ဟု အမိန့်ပေးနေဟန်ရှိလေသည်။

ထိုအခန်းကား သာမညအခန်းမဟုတ်၊ လွန်ခဲ့သော ၁၅ နှစ်လောက်က မြန်မာပြည်တစ်ပြည်လုံးကို သိမ့်သိမ့်တုန်အောင် ဖန်တီးပေးသောအခန်း။

ထိုအခန်းကား ထိုစဉ်က အိပ်ပျော်နေသော မြန်မာလူမျိုးများကို နှိုးပေးခဲ့သော အခန်း။ ထိုအခန်းကား မြန်မာလူမျိုးကလေးများ၏ နှလုံးအိမ်တွင်း၌ ဇာတိသွေး ဇာတိမာန်မီးဖိုကို ဆရာလွန်းမီးမွေးခဲ့ဖူးသော အခန်းဖြစ်ခဲ့လေသည်။

ထိုအခန်းသည် အမြဲမပြတ် ကျောင်းသားများ ပြည့်နှက်နေသော အခန်းဖြစ်ခဲ့၏။ တောင်ဘက်နံရံနား၌ရှိသော စားပွဲတွင် ဆရာလွန်းထိုင်၍ မြန်မာလူငယ်များ၏ စိတ်ကိုပြောင်းလဲပေးရာ ဖြစ်ခဲ့၏။ ထိုအခန်းတွင်း၌ပင် သပိတ်မှောက်လုပ်ငန်းကို နှောင့်ယှက်မည့် ကျောင်းသားဖြစ်စေ၊ ပြင်ပခေါင်းဆောင်ဖြစ်စေ၊ ထိုသူတို့အား ရှုတ်ချရာနေရာ၊ ဆုံးမရာနေရာ ဖြစ်လေသည်။

သပိတ်မှောက် ကျောင်းသားဟောင်းတစ်ဦးသည် ထိုအခန်းအနီးသို့ လာရောက်ရပ်လျှင် သူ၏ ဉာဏ်မျက်စိတွင် ဆရာလွန်းသည် ထိုအခန်းတွင်းသို့ ဝင်လာသည့်ပုံကို မြင်မိပေလိမ့်မည်။

ဆရာလွန်းကား သျှောင်ထုံးကို ဖော်ပြီး ခေါင်းပေါင်း ပေါင်းထား၏။ ပင်နီအင်္ကျီ မန်ကျည်းစေ့ကွက်၊ ယောတောင်ရှည်ပုဆိုးကို ဝတ်ဆင်ထားလေသည်။

ဆရာလွန်းဝင်လာသည်နှင့် တစ်ပြိုင်နက် တပည့်အပေါင်းတို့သည် မတ်တတ်ရပ်ကာ အရိုအသေပြုကြလေသည်။ တပည့်အပေါင်းတို့သည် ရိုသေချင်သော စိတ်ရင်းခံရှိ၍ အရိုအသေပြုကြ၏။ ထုံးစံဖြစ်၍ မလွဲသာမရှောင်သာ စိတ်မပါလက်မပါ အရိုအသေပြုကြသည်မဟုတ်ပေ။ ဆရာလည်းတပည့်များအား အထိုင်ခိုင်းပြီးသော် -



DBEBOX - Copyright Protected

အို-တပည့်အပေါင်းတို့၊ အာဇာနည်ယောကျ်ားကလေးတွေ ပီပီ၊ ဗမာပီပီ၊ တညီတညာ တည်း ကျွန်ပညာသင် ယူနီဗာစတီမှ ထွက်လာကြကုန်သော တပည့်တို့၊ ဆရာတို့သည် တပည့်၏ စိတ်မြင့်မြတ်ရာ မြင့်မြတ်ကြောင်း၊ ဇာတိမာန်တက်ကြွရာ တက်ကြွကြောင်း၊ ကျွန်ဉာဉ်မခံ၊ ကျွန်စော် မနံရာ မနံစေကြောင်း ဗမာတို့ အောင်လံကို တလူလူလွင့်နိုင်ရာ လွင့်နိုင်ကြောင်းဖြစ်သော စာပေများကို သင်ရပေလိမ့်မည်။ ဆရာတို့ ရည်ရွယ်ချက်အတွက် အဘယ်စာပေသည် ပြီးမြောက် အောင် ဆောင်နိုင်လိမ့်မည်နည်းဟု ရှာဖွေစိစစ်ရာ မြန်မာရာဇဝင်သည်သာ ပြီးမြောက်စေကြောင်း တွေ့ရှိရသည်- ဟူ၍ ဖြည်းညင်းသာယာသော စကားများသည် ကြည်လင်စွာ ထွက်လာလေ၏။ ကျောင်းသားများလည်း ဆရာ့ဆီသို့သာ ငါးခုသော အာရုံကိုစူးစိုက်၍ နေကြလေသည်။ အခန်းဘေး က ရေအိုးစင်မှ စိမ့်ကျသော တပေါက်ပေါက်နှင့် ရေသံမှတစ်ပါး ဆရာလွန်း၏ စာသင်သံသာလျှင် ပေါ်ထွက်နေလေသည်။

တပည့်တို့၏ အင်္ဂလိပ်ကျောင်းများတွင် မြန်မာရာဇဝင်ကို သင်ကြားကြရတယ်လို့ ဆရာ ကြားဖူးတယ်၊ သို့သော်ထိုရာဇဝင်များမှာ တို့တိုင်းရင်းသားမဟုတ်သောသူများက ကရွတ်ကင်းလျှောက် ရောက်တတ်ရာရာတွေကို ရေးထားခဲ့သော စာများဖြစ်ပေတယ်။ ငါတို့မြန်မာများကို တစ်ဖက်သတ် နှိမ်၍ ရေးခဲ့တဲ့စာတွေဖြစ်တယ်။ တို့မြန်မာပြည်ကို အင်္ဂလိပ်တို့ သိမ်းယူတာဟာ တို့မြန်မာတွေကို သနားလို့ ယူရတာလိုလိုဖြစ်အောင် ရေးတဲ့စာတွေမျှသာဖြစ်တယ်။ ဒီစာတွေကို တပည့်တို့ သင်နေရ သရွေ့ဖြင့် တပည့်တို့မှာ (မျောက်လောင်း၊ မျောက်လောင်း) ဆိုတာလို သဘောက်လောင်းကလေးတွေ ဘဝက တက်ကြရမယ်လို့ ဆရာမထင်မိဘူး။ ခုတော့ကို တပည့်တို့ ဒီသဘောက်စိတ်သွင်းတဲ့စာ တွေကို ရှောင်နိုင်ဖို့အခွင့်ရပြီ။ ဟောဒီ ဆရာတို့ နေရှင်နယ်ကောလိပ်မှာ သခင်ပညာတွေသင်ရ တော့မည်။ တပည့်တို့၊ တပည့်တို့ အားမငယ်ကြနှင့်။ ငါတို့သည် ကမ္ဘာမှာ အလွန်အောက်တန်းကျ နေတဲ့ လူတွေပဲလို့ အားမငယ်ကြနှင့်။ အားငယ်သည်နှင့် တစ်ပြိုင်နက် တပည့်တို့ပိုပြီး အောက်တန်းကျ သွားလိမ့်မည်။ သရက်စေ့စိုက်တော့ သရက်ပင်ပေါက်ပြီး၊ သရက်သီးတွေသီးတဲ့ ပုံပမာကြည့်ကြ။ တို့ အမျိုးဟာ ရာဇဝင်ထဲမှာ ကြည့်ကြည့်၊ စိတ်နေစိတ်ထားပဲ ကြည့်ကြည့်၊ အောက်ကျခဲ့တဲ့ လူတွေ မဟုတ်။ သခင်အလုပ်ကိုလုပ်ကြတဲ့ သတ္တိလဲ တို့သန္တာန်ထဲမှာ ကိန်းအောင်းနေတယ်။ ဒီသတ္တိကို ဘယ်သူမှ မမြင်ကြရသေးဘူး။ အဲဒီ သတ္တိဟာ သရက်စေ့ပမာထားကြစို့။ သရက်စေ့ကို မစိုက်ရင် ဘယ်တော့မှ အပင်မပေါက်ဘူး။ ရေလောင်းတူးဆွပြီး ကျကျနနစိုက်ရင် သရက်ပင်ဟာ သီးမှာပဲ။ ဒီတော့၊ တို့အမွေရထားတဲ့ သတ္တိကိုပြဖို့ ပျိုးထောင်ဖို့လိုတယ်။ အဲဒီသတ္တိမျိုးစေ့မှ သခင်လုပ်ငန်း သစ်ပင်ကြီးလုပ်ရမယ်။ မြင့်မြတ်သော လွတ်လပ်စေသော လုပ်ငန်းကြီးလုပ်ရမယ်။ ဒီ လုပ်ငန်းကြီးက (ဝါ) ဒီလုပ်ငန်းတည်းဟူသော သရက်ပင်ကြီးမှ လွတ်လပ်ရေး၊ သခင်လူမျိုးဖြစ်ရေး တည်းဟူသော သရက်သီးများ သီးစေရမယ်။ ယခုဆရာတို့ လုပ်ငန်းဟာ သရက်ပင် စိုက်နေကြတဲ့ လုပ်ငန်း။ သရက်ပင် စိုက်လို့ဖြစ်မြောက်ဖို့ရာဟာ တို့ တာဝန်ပဲ။

DBF BOX- Copyright Protected

တပည့်တို့၊ တပည့်တို့သည် မြန်မာများဖြစ်သဖြင့် ရှေး တို့ဘိုးဘေးမိဘများထံမှ သတ္တိစွမ်းရည်ကို အမွေရထားတယ်၊ ဒီသတ္တိစွမ်းရည်ကို အလွဲသုံးစားမပြုကြပါနှင့်။ ဆရာတို့၏ မြန်မာအစ တကောင်းကဆိုတဲ့ စကားကိုကြည့်လျှင် သိနိုင်ကြပေတယ်။ တကောင်းမှာ မင်းဆက် ၅၀၊ သရေခေတ္တရာ မင်းဆက် ၂၇၊ ပုဂံပြည်တွင် မင်းပေါင်း ၅၅၊ ပင်းယတွင် ၆ဆက်၊ အင်းဝတွင် ၂၉၊ တောင်ငူ တွင် ၃၅၊ ပြည်မြို့တွင် ၁၇၊ ကုန်းဘောင်တွင် ၁၁ မျှ အဆက်မပြတ်၊ တို့မြန်မာဘုရင်တွေ အုပ်စိုးခဲ့ကြတယ်။ သင်္ခါရဓမ္မ ကမ္ဘာ့သဘော လောကဓံတရားအရ၊ ကိန်းခန်းအလိုက်၊ အခိုက်အခါ၊ ကြမ္မာအလျောက်၊ အင်္ဂလိပ်တို့၏ အလံအောက်သို့ ကျရောက်ရသောခေတ်အတွင်း တို့ဘိုးဘွားမိဘများ လက်ထက်က ရခဲ့သော မြန်မာ့သတ္တိ၊ မြန်မာ့စွမ်းရည်ကို ထက်သည်ထက် ထက်အောင်၊ ကြီးသည်ထက် ကြီးအောင် ဆောင်ရွက်ကြပါ-ဟု ပြောရင်း ဆရာကြီးမျက်နှာသည် နီမြန်းလာလေသည်။ ဆရာသည် ဆရာ့ကိုယ်ကို မေ့လေပြီ။ ဆရာကြီး၏စိတ်မှ အတားအဆီးမရှိသောစကားများသည် ထွက်လာလေ၏။

တပည့်တို့၊ ဇာတိမာန်သည် အတော်ပင် ညှိုးနွမ်းခဲ့သည်။ ငါတို့ကို စိုးမိုးသည့် မင်းကလည်း ငါတို့၏ မျိုးချစ်စိတ်အညွန့်ကလေးများကို ရေနွေးပူနှင့်လောင်းသည်။ ကတ်ကြေးနှင့် ညှပ်ပစ်သည်။ ငါတို့အမျိုးသည် ကျွန်ဘဝ၌ ကြာရှည်နေရလေအောင်ကြံစည် ကြိုးကုတ်ကြသည်၊ သည်လိုအလုပ်ကို တားဆီးရန် တို့တာဝန်ဖြစ်တယ် - စသည်ဖြင့် မိန့်မြွက်သော စကားများကို ကျောင်းသားများသည် ကြားနာခဲ့ရပေသည်။

ဆရာလွန်းသည် ဘားလမ်းမှာပင် နေဆဲဖြစ်လေသည်။ ယခုမူ သားသမီးများမှာ အရွယ်တော် ကြီးပြီဖြစ်၍ အိမ်တွင်းရေးအလုပ်များကို မလုပ်ရတော့ပေ။ အငယ်ဆုံးသော သမီးပင်လျှင် ရှစ်နှစ်သမီးမျှ ရှိလေပြီ။ နေရှင်နယ်ကောလိပ်မှ လခ ၂၀၀ ကျပ်ပေးသည်ဟု ဆိုစေကာမူ ဆရာကြီးသည် လခ ၁၅၀ ကျပ်သာ ယူလေသည်။ ထို ၁၅၀ ကျပ်ကိုလည်း မှန်မှန်ရသည့်အခါ နည်းလှလေ၏။ ထို့ကြောင့် သားသမီးလေးယောက်နှင့် မိမိနေထိုင်ရေး သွားလာရေး စားသောက်ရေးအတွက် အခက်အခဲကြုံရ လေသဖြင့် စာအုပ်ရေးခြင်းဖြင့်သာ ငွေဝင်လမ်းဖွင့်ရတော့၏။ ထိုအခါဆရာလွန်းသည် စာအုပ်အများဆုံး ရေးခဲ့လေသည်။

ဆရာလွန်းသည် အဝတ်အစား၌သာ ခြိုးခြံသည်မဟုတ်၊ ဘားလမ်းမှ ဗဟန်းကျောင်းသို့ လာ ရာ၌ပင်လျှင် ခြေကျင်လာလေသည်။ ထို့ကြောင့် ယောပုဆိုး တောင်ရှည်ကြီးကိုဝတ်၊ ဘုံဘိုင်ရေဖိနပ် ကြီးကိုစီး၊ မန်းကျည်းစေ့ကွက် ပင်နီအင်္ကျီကိုဆင်လျက် နေ့ဆယ်နာရီအချိန်တွင် လမ်းလျှောက်လာ သည်ကို ထိုစဉ်ကတွေ့နိုင်ကြပေသည်။ ပိုးပဝါကိုလည်း ထိပ်ကအုပ်၍ စည်းထားလေသည်။ အိမ် တော်ရာထီးကို ဆောင်းလျက်ရှိလေသည်။ ဆရာလွန်းသည် ကျင့်သားရနေပြီဖြစ်၍ လမ်းလျှောက် ရုံဖြင့် မမောပန်းလှပေ။ နေပူသဖြင့်သာ ချွေးဖြိုင်ဖြိုင် ကျနေလေ၏။

DBF BOX - Copyright Protected

ဘားလမ်းမှ မီးရထားတံတားကိုကျော်၍ လျှောက်လာခဲ့ရာ တိရစ္ဆာန်ရုံဘေးသို့ မကြာမီ ရောက်ခဲ့လေ၏။ ထိုနေရာရောက်မှ သစ်ပင်တစ်ပင်၏ အရိပ်အောက် မြက်ခင်းပေါ်တွင် ထိုင်လျက် နားနေလေ၏။ ပုဆိုးမြိတ်ကို လက်ဖြင့်မလျက် မိမိကိုယ်ကို ယပ်ခတ်ရှာလေသည်။

အတန်ကြာ အနားနေ အမောဖြေပြီးမှ ဗဟန်းကျောင်းတိုက် နေရှင်နယ်ကောလိပ်သို့ တက်ရောက်ရန် လာခဲ့လေ၏။ လမ်းတွင် ဆရာကြီးနှင့်ဖိုထိုးဖက် ဘုန်းတော်ကြီးတစ်ပါးက ကျောင်းပေါ်သို့ ခဏတက်ခဲ့ပါအုံးဟု ဆီးခေါ်သဖြင့် ကျောင်းပေါ်သို့ တက်ခဲ့လေ၏။

ဘုန်းကြီးက လက်ဖက်အုပ်ကို လှမ်းပေးပြီး-ဘယ်နှယ့်ဆရာလွန်းခြေကျင်လာခဲ့ရလို့ မောသလား။

သိပ်တော့မမောပါဘူးကိုယ်တော်၊ တပည့်တော် ကျင့်သားရနေပြီ။ တပည့်တော်တို့ ကျောင်းက ကောင်ကလေးတွေ ပြောသလို ပရိုက်တစ်ရနေလို့ပေါ့ဘုရား-ဟု ပြောပြီး လက်ဖက်စားလေ၏။

ဆရာတို့ကျောင်းကလဲ တယ်မွဲတာကိုး ဆရာရဲ့။ ဆရာတို့တောင် လခမှန်မှန်မရဘူးဆို။

တင်ပ့ါဘုရား။ ကိစ္စမရှိပါဘူးဘုရား။ မကြာခင်ကျောင်းမှာ ငွေပေါတော့မှာပဲ၊ တပည့်တော်တို့ ရွှေဖြစ် ငွေဖြစ်ထိုးလို့ ရွှေတွေငွေတွေ မကြာခင်ဖြစ်တော့မှာပဲ။ ဒီတော့ ကျောင်းကြီးဟိန်းအောင် ဆောက်လိုက်မယ်။ ကောင်းပေ့ဆိုတဲ့ ဆရာတွေ လခကောင်းကောင်းပေး ငှားတာပေ့ါ။ မဟုတ်ဘူးလားကိုယ်တော် . . ဟား . . ဟား ဟု ပြောပြီးရယ်လေလျှင် ဆရာတော်လဲ ရယ်မောရင်း ကြိုးစားကြတာပေ့ါလေ-ဟု ပြန်ဖြေလေ၏။ ဆရာလွန်းသည် ကွမ်းတစ်ယာစားပြီးလျှင် စာသင်ခန်းသို့လာခဲ့လေသတည်း။

နေ့လယ်ကျောင်းဆင်းလျှင် ဆရာလွန်းသည် ဆရာဦးဘချို (ယခု ဒီးဒုတ်အယ်ဒီတာချုပ်) နှင့်အတူ ဗဟန်းရပ်ကွက်အတွင်းရှိ ဆရာဦးဘချိုအိမ်သို့ လက်ဖက်ရည်သောက်လိုက်ခဲ့လေသည်။

အိမ်သို့ရောက်လျှင် အသင့်ဆီးကြိုနေသော ဆရာဦးဘချို၏ ဇနီး ဒေါ်လှမေကို တွေ့ရလေသည်။ ဒေါ်လှမေသည် လက်ဖက်ရည်အကြမ်းအိုးနှင့် လက်ဖက်သုပ်၊ ပဲလှော်ကြော်သုပ်၊ မရန်းသီးသနပ်၊ ငါးရံ့ခြောက်ဖုတ်၊ ပဲကြော်၊ ဝက်သားသုပ်တို့ကို ရှေ့သို့ချ၍ ဦးဘချိုကပြုံးပြီး-ဆရာ၊ ဟောဒီ ဝက်သားသုပ်နှင့် ပဲကြော်က ဇေတဝန်က ရခဲ့တာဆရာ-ဟု ဆရာလွန်းအား ပြောလေ၏။

ဘယ်လိုဇေတဝန်လဲကွ ပြောစမ်းပါအုံး။

ခါတိုင်းချီးမြှောက်နေကျ ကျွန်တော့် ဆရာတော်ဆီက ရခဲ့တာကို ပြောတာပါဆရာ။

ဟား . . . ဟား . . . ကတုံးပေါ်ထိပ်ကွက်ဆိုတာ ဒီလိုကိုးကွ။ ဘုန်းကြီးဆီက မင်းက တစ်ဆင့် အလှူခံပြန်ပြီလား။

DBE POA Copyright Protected

ကျွန်တော်က အလှူခံရတာ မဟုတ်ဘူးဆရာ။ ဘုန်းကြီးက နေ့လယ်ပိုလ်လွန်းနှင့် မောင်ဘချို စားဖို့ဆိုပြီး ကျောင်းသားတစ်ယောက်ကို အပို့လွှတ်လိုက်တာဆရာ။ ဘုန်းတော်ကြီးတွေကတော့ ကျွန်တော်တို့ကို အတော်မေတ္တာရှိနေဟန် လက္ခဏာပါဘဲ။ အကောင်းကလေးရရင် ဘာဖြစ်ဖြစ်ပို့လေ့ ရှိတယ် ဆရာရဲ့။

ဘုန်းကြီးချီးမြှင့်တာ စားရခဲပေခြင်းဟုဆိုကာ ဝက်သားသုပ်ကို မြိန်ရှက်စွာ ဆရာလွန်းသည် စားလေ၏။

ဒေါ်လှမေ ရောက်လာပြန်ပြီ။

ဆရာ၊ လက်ဖက်သုပ်လဲ စားပါဆရာ။ ကျွန်မ ကျကျနနသုပ်ထားတယ်ဟု ပြောပြီး လက်ဖက် ပန်းကန်ကို ဆရာလွန်းရှေ့သို့ တိုးပေးပြန်လေ၏။ ဦးဘချိုလည်း အားပါးတရ စားနေလေ၏။

ထိုအခိုက် ကလေးငိုသံကြားရသဖြင့် ဦးဘချိုက . .

ဟ-ကလေးနိုးပြီ။ မြန်မြန်သွားပါ-ဟု ဒေါ်လှမေအား ပြောလေ၏။ ဒေါ်လှမေ ထသွားလေ၏။

ဆရာ-ကျောင်းသားတွေလည်း သိပ်အားမရှိကြတော့ ဘူးဆရာ၊ တချို့လည်း ပြန်ဝင်ကုန်ကြပြီ။

ဟာ-သူတို့ သတ္တိမရှိလို့ ပြန်တာတော့ တားမရဘူးပေါ့ကွာ။ တို့ကသာ ကျောင်းမပျက်အောင် ကြိုးစားဖို့ပဲကွ။ ငွေရှိမှ ဟန်မှာပေါ့ကွာ။ မွန်ချစ်လှိုင်ရဲ့ ကျီ-စီ-ဘီ-အေနှင့် ပေါင်းရင်တော့ ဟန်ကျမယ် ထင်တယ်ကွ-ဟု မရန်းသီးသနပ်ကို စားရင်းပြောလေ၏။

မကိုက်ဘူးထင်တယ်ဆရာ- ဟု ပြောပြီး လက်ဖက်ရည်ပန်းကန်ကို ပါးစပ်အနီးတော့ပြီး ငေးနေလေ၏။ အတန်ငယ်ကြာလျှင် ဒေါ်လှမေသည် သမီးလေးကို ပွေ့ချီလာလေ၏။

ကွာ-ဘယ်သူပဲ စိတ်ပျက်ပျက်၊ ဘယ်သူပဲထွက်ထွက်ပေါ့၊ တို့တော့ကျောင်းဖက်ပြီး အမိုးထုတ် နိုင်အောင် ကြိုးစားကြတာပေါ့။

သိန်းဖေမြင့်

DBE BOX - Copyright Protected

## လေ့ကျင့်ခန်း

၁။ "အတ္ထုပ္ပတ္တိစာပေ"ဟူသည်အဘယ်နည်း။ "အမျိုးသားကျောင်းဆရာ ဆရာလွန်း"သည် မည်သည့် အတ္ထုပ္ပတ္တိစာပေအမျိုးအစားတွင် ပါဝင်သနည်း။

၂။ "အမျိုးသားကျောင်းဆရာ ဆရာလွန်း'အတ္ထုပ္ပတ္တိမှ အတ္ထုပ္ပတ္တိရှင်ပုဂ္ဂိုလ်၏ စရိုက်သဘာဝ အချို့ကို ဖော်ပြပါ။

၃။ "အမျိုးသားကျောင်းဆရာ ဆရာလွန်း" အတ္ထုပ္ပတ္တိမှတွေ့ရသော စာရေးသူ၏ အတ္ထုပ္ပတ္တိရှင် ပုဂ္ဂိုလ်အပေါ်ထားသည့် သဘောထားကို လေ့လာတင်ပြပါ။

၄။ "အမျိုးသားကျောင်းဆရာ ဆရာလွန်း" အတ္ထုပ္ပတ္တိကိုဖတ်ရသည့်အခါ သင်စိတ်ဝင်စားပါသလား။ အဘယ်ကြောင့်နည်း။

၅။ သင်ချစ်ခင်သော ဆရာတစ်ဦး၏အကြောင်းကို စာ ၄ မျက်နှာခန့် အတ္ထုပ္ပတ္တိပုံစံဖြင့် ရေးသားပါ။

DBE BOX - Copyright Protected

# လရောင်အောက်မှ အမေ့ခေတ်စမ်းစာ

ကုမုဒြာဂျာနယ်တွင် ဦးမြင့်စိုးလှိုင်ရေးသားသော “လရောင်အောက်မှာ” ဆောင်းပါးကို ဖတ်ပြီး ကျွန်မရင်ထဲမှာ ဝမ်းနည်းဝမ်းသာခံစားရပါသည်။ ခေတ်စမ်းစာပေခေတ်က ကဗျာဆရာမ ခင်စောမူ၏ ‘လိပ်ပြာနှင့် ကြာကုမုဒ်’ကဗျာလေးကို

> “ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း ၇၀ နီးပါးလောက်တုန်းက ဆရာကြီး ဦးဆောင်ဦးရွက်ပြုပြီး ထုတ်ဝေခဲ့တဲ့ ခေတ်စမ်းကဗျာစာအုပ်ထဲက ကဗျာဆရာမ ခင်စောမူရဲ့ “လိပ်ပြာနှင့် ကြာကုမုဒ်” ဆိုတဲ့ ကဗျာကို ဦးဦးဖျားဖျား သွားသတိရတယ်။ ကဗျာရှင်က ပေါင်းဆုံခွင့်မကြုံနိုင်တဲ့ ချစ်သူနှစ်ဦးရဲ့အဖြစ်ကို လိပ်ပြာနဲ့ ကုမုဒြာကြာပမာထားပြီး ရည်ညွှန်းဖွဲ့ဆိုခဲ့တာပါ။ လိပ်ပြာက နေ့ဘက်မှာ နိုးကြားကျက်စားတယ်။ ကုမုဒြာက လရောင်နဲ့မှ ပွင့်တဲ့ပန်းမို့ ညအခါမှာသာ ပွင့်လန်းဝေဆာတယ်။ သူတို့နှစ်ဦး မဆုံစည်းနိုင်ကြပုံကို ကဗျာရှင်က စာလေးလုံးတည်းနဲ့ ကျစ်ကျစ်လျစ်လျစ်ဖွဲ့ပြတယ်။ “နေဝင်မောင်ငိုက်၊ လမိုက်မယ်ငုံ”တဲ့။ အဲဒီတုန်းက စာရေးဆရာ စာပေဝေဖန်ရေးဆရာ သိပ္ပံမောင်ဝက ဒီအဖွဲ့အနွဲ့ကို အင်မတန်နှစ်သက်တဲ့အကြောင်း ထုတ်ဖော်ချီးကျူးခဲ့တယ်။ ချီးကျူးလောက်အောင်လဲ ကောင်းမွန်လှတဲ့ အဖွဲ့အနွဲ့ဖြစ်ပါတယ်။ နေဝင်လို့ ညအချိန်ရောက်ပြီဆိုရင် လိပ်ပြာမောင်က ငိုက်မျဉ်းအိပ်စက်တော့မယ်။ လရောင်မရှိတော့တဲ့ နေ့အခါကျတော့လဲ ကုမုဒြာမယ်နုမက ပွင့်ဝေလို့မရ။ အငုံဘဝရောက် နေပြန်ရှာတယ်။ သူစောင့်တော့ ကိုယ်မလာ၊ ကိုယ်ရှာတော့သူမရှိ ဖြစ်နေတဲ့လိပ်ပြာနဲ့ ကြာကုမုဒ် တို့ရဲ့ အငိုက်နဲ့ အငုံတွဲပြီး ဖွဲ့ပြလိုက်ပုံက ထိလဲထိမိတယ်၊ လွမ်းစရာလဲကောင်းတယ်။”

လို့ ဖော်ထုတ်တင်စားထား၍ဖြစ်ပါသည်။ ကျွန်မက စာဆို၏ သမီးဖြစ်ပါသည်။ အမေသည် ခေတ်စမ်းစာပေခေတ်က တက္ကသိုလ်ကျောင်းသူဘဝမှာ ကဗျာများ၊ ဝတ္ထုတိုများ၊ ပုံပြင်များ ရေးသားခဲ့သူ ဖြစ်ပါသည်။

အမေဒေါ်ခင်စောမူသည် အသက် ၃၃နှစ်အရွယ်မှာပင် ကွယ်လွန်ခဲ့ပါသည်။ ယခု အသက်ထင်ရှားရှိပါလျှင် ၉၀ကျော် ရှိနေပါမည်။ အမေဆုံးပါးစဉ်က ကျွန်မ အသက် ၆ နှစ်အရွယ်၊ မောင်ဖြစ်သူ နေအုပ်(စိန်ပေါလ်)က ၇ ရက်သားနှင့် ကျန်ရစ်ခဲ့ကြပါသည်။ “အမေသာရှိနေလျှင် တိုင်းပြည်အကျိုးအား ဘယ်လိုများသယ်ပိုးမည်လဲ၊ အမေ့သူငယ်ချင်း ဆရာမကြီးဒေါ်သာထက်နှင့် ဒေါ်အေးခင်တို့လို ဆရာမကြီးများ ဖြစ်လေမည်လား၊ ဆရာမကြီးဒေါ်ရီကြိန်တို့လို တိုင်းပြုပြည်ပြုစာများရေးပြီး ဟောပြောပို့ချလေမည်လား” စသည်ဖြင့် အမျိုးမျိုး တွေးကြည့်မိသည်မှာ အခါခါပါ။

အမေသည် သူတို့ခေတ်က တက္ကသိုလ်တွင် ယဉ်ကျေးသိမ်မွေ့ ချောမောလှပသူဟု ကျော်ကြားခဲ့သည့်အလျောက် အမေ့ဓာတ်ပုံများက သက်သေပြလျက်ရှိပါသည်။ ကျွန်မသည် အမေ့ရုပ်ရည်ကို

DBE BOX - Copyright Protected

မမှတ်မိတော့သော်လည်း ကျွန်မတို့၏ နှလုံးသားထဲမှာ အမေသည် အစဉ်အမြဲ နုပျိုလှပနေပါသည်။

အမေ့စာတွေ ကဗျာတွေမှာ စစ်ဘေးဒဏ်ကြောင့်ပေလား။ သူရေးသားခဲ့သမျှတို့သည် ကိုယ်ရေးခံစားချက်များသာဖြစ်သည်ဟုခံယူပြီး ချန်မထားခဲ့ခြင်းလား။ သားနှင့်သမီးဖတ်ရန် ဘာမျှမထားရစ်ခဲ့ပါ။

ကျွန်မတို့ သတ္တမတန်း ရောက်သောအခါမှာမူ မြန်မာကဗျာစာအုပ်တွင် အမေ၏ "ခမ္ဘတာ" ကဗျာလေးကို သင်ကြားခဲ့ကြရသည်။ ဒေါ်ခင်နှင်းယုကလည်း ဝတ္ထုတစ်ပုဒ်တွင် မောင်နှမတွေအကြောင်း ရေးသားရာတွင် "ခမ္ဘတာ" ကဗျာလေးကို သုံးခဲ့သည်ကို မှတ်သားရမိပါသည်။ တဖြည်းဖြည်းနှင့် လိုက်လံရှာဖွေစုဆောင်းသောအခါမှာ "ကျွန်တောင့်တ"၊ "သက်ထားငယ်ကျွမ်း ဦးဆောက်ပန်း" စသည်များနှင့် ဝတ္ထုတိုများ၊ ပုံပြင်များကို စုဆောင်းမိပါသည်။ အခြားကလောင်ခွဲများနှင့် ရေးထားခဲ့သောစာများကိုမူ လက်လှမ်းမမီတော့ပါ။

မြကန်သာဝယ်၊ သင်းပျံ့ကြွယ်သည်
သွယ်သွယ်ကုမုဒ်၊ ကြာကနုဒ်တို့
လဲ့လုတ်လဲ့လီ၊ ဖူးပွင့်ချီသည်
ဒေဝီနတ်တို့နှယ်တကား။
ဖူးလိပ်ပြေစ၊ ရွက်ညိုမြတွင်
ရွှရွှနားကာ၊ ပန်းလိပ်ပြာသည်
သက်လျာနှမ၊ ကုမုဒငယ်
စောင့်ရနောင့်ကို၊ ချစ်ကြည်ညိုက
ပြုံးချိုမျက်နှာ၊ လှစ်ဖွင့်ပါဟု
စာစာဖန်ဖန်၊ ခွင့်ကြားပန်စဉ်
အိပ်ရန်ညချမ်း ရောက်ခဲ့၏။
လေညင်းလေသာ လရောင်ဝါ၍
ဘယ်ညာနွဲ့နွဲ့၊ ချမ်းဖွယ်ငဲ့၍
အိုဘဲ့ကြင်ဦး၊ မယ့်သက်မှူးရယ်
ကြည်နူးချိုသာ၊ ပွင့်လိုပါလည်း

DBE BOX - Copyright Protected

မယ့်မှာဇာတ်ခြား၊ ကုမုဒ်ဖွားမို့
နေ့အားမပွင့်၊ လရောင်နှင့်မှ
ထူးတင့်ကြူစွာ၊ ပွင့်ရပါဟု
တီတာသာညင်း၊ ဖြေစဉ်တွင်းဝယ်
နေမင်းဖော်ချိန် ရောက်ခဲ့၏။
နေဝင်မောင်ငိုက်၊ လမိုက်မယ်ငုံ
မကြုံအခွင့်၊ ကြင်ရေးဖင့်ခဲ့
သို့နှင့်နေရာ၊ တစ်နေ့ခါဝယ်
ရွှေကြာပဒုံ၊ တစ်ပွင့်တုံမှ
ဝတ်မှုန်ဆင်သ၊ နတ်မယ်လျှသည်
ဝင်းပကိုယ်လျှံ၊ မြူးထွက်စံသော်
ဗိမာန်လဝန်း၊ ပေါ်လှာထွန်းဟု
ထင်မှန်းမှတ်ကာ၊ ကုမုဒြာသည်
ငုံရာမှပွင့်၊သရေတင့်၍
စောင့်လင့်လိပ်ပြာ၊ ချစ်သဟာနှင့်
မေတ္တာစက်ကွင်း၊ နှစ်ကိုယ်ဆင်းသည်
နတ်မင်းသူဇာတို့နှယ်တကား။

ဟူသည့်“လိပ်ပြာ နှင့် ကြာကုမုဒ်”က အမေ၏ အကောင်းဆုံး ကဗျာလေး ဖြစ်ပါလိမ့်မည်။ နေ့ဘက်မှ ထွက်သော လိပ်ပြာနှင့် လရောင်နှင့် ပွင့်လန်းရသော ကုမုဒြာတို့ကဲ့သို့ မဆုံစည်းနိုင်ကြသော ချစ်သူတွေ၏အဖြစ်ကို ဖော်ကျူးခဲ့ပုံမှာ စိတ်ကူးစိတ်သန်း ဆန်းကြယ်လှပါသည်။ သိပ္ပံမောင်ဝက အထူးတလည် ချီးမွမ်းခဲ့သော ကဗျာလေးဖြစ်ပါသည်။ အမေ၏ကဗျာများကို ဖတ်ရှုခံစားကြည့်တိုင်း ဓာတ်ပုံထဲမှ အမေ၏စူးရှထက်မြက်သော မျက်လုံးဝိုင်းဝိုင်းလေးတွေက “ဒီလောက်နှစ်တွေကြာနေပြီးမှ အမေ့ရင်ထဲက ကဗျာတွေကို သမီးက ခံစားကြည့်မလို့လား” ဟု မေးနေသယောင် ခံစားမိပါသည်။

DBE BOX - Copyright Protected

"မမွှတာ" ကဗျာလေးမှာ မောင်နှမတစ်စု ကြင်နာခဲ့ကြပြီး၊ အပူအပင်မရှိ ပျော်ရွှင်စွာနေခဲ့ကြပုံ၊ အစ်ကိုများ တစိမ်းသူကို ချစ်သူအဖြစ် ကြည်ဖြူသွားကြလျှင် နှမငယ်ကို မေ့သွားမည်ကို စိုး ရိမ်၍ စိတ်မှာမအေးကြောင်းကို ဖွဲ့နွဲ့ထားပါသည်။

မြင်ရသေးသည်
မအေးဖွယ်မူ
တစိမ်းသူအား
ကြည်ဖြူစိတ်မှာ
နှောင့်ကြင်လျှာဟု
မေတ္တာရစ်ခွေ
ချစ်ပါလေသော်
ဗျာဝေနွမ်းလျ
ငယ်နှမအား
မုချအမှန်
မေ့လျော့ကျန်မည်
မြင်လေသည်တည့်။

အစ်ကိုတွေအား ခင်တွယ်ရှာသော အမေ့ဘဝ၏ရောင်ပြန်ဟပ်မှုလေးဖြစ်သည်။

"နေဝင်မောင်ငိုက်၊ လမိုက်မယ်ငို"ဆိုသော မဆုံစည်းနိုင်ကြသော လိပ်ပြာနှင့် ကြာကုမုဒ်တို့၏ အဖြစ်လေး၏ ဖြေပြေရာအဖြစ် အမေအဆုံးသတ်ထားသည်မှာ ပဒုမ္မာကြာအကြားမှ နတ်သမီးထွက်ပေါ်လာသည့်အရောင်ကို လမင်းထွန်းပေါ်လာသည်အထင်နှင့် ကြာကုမုဒ်မှာ ပွင့်လန်းလာသော အခါ စောင့်လင့်နေသောလိပ်ပြာနှင့် နှစ်ကိုယ်ဆုံစည်းကြရလေသည်။ တကယ့်ဘဝမှာသာဆိုပါက ကောင်းလေစွ။

အမေသည် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော်လည်း အမေ့ကဗျာ၊ အမေ့စာတွေကမူ ရှင်သန်လျက် ရှိနေဆဲပါပဲ။ ကျွန်မဘဝထဲမှာလည်း အမေသည် ပျောက်ကွယ်သွားခြင်းမရှိပါ။ အစဉ်အမြဲ ရှိနေဆဲဖြစ်ပါသည်။ လရောင်အောက်မှာ အမေသည် သူ့ကဗျာတွေနှင့် ပျော်မွေ့နေပြီး ကုမုဒြာကြာတွေလည်း ကြိုင်သင်းထုံစွာ ဝေဆာနေအောင် ပွင့်လန်းနေမှာ ဖြစ်ပါသည်။

ခင်စောတင့်



DBE BOX - Copyright Protected

## လေ့ကျင့်ခန်း

၁။ "လရောင်အောက်မှ အမေ့ခေတ်စမ်းစာ" သည် မည်သည့် အတ္ထုပ္ပတ္တိစာပေအမျိုးအစားတွင် ပါဝင်သနည်း။

၂။ "လရောင်အောက်မှ အမေ့ခေတ်စမ်းစာ"အတ္ထုပ္ပတ္တိမှ ဆရာမကြီးခင်စောမူ၏ စရိုက်သဘာဝ အချို့ကို ဖော်ပြပါ။

၃။ "လရောင်အောက်မှ အမေ့ခေတ်စမ်းစာ" အတ္ထုပ္ပတ္တိမှတွေ့ရသော စာရေးသူ၏ အတ္ထုပ္ပတ္တိရှင် ပုဂ္ဂိုလ်အပေါ်ထားသည့် သဘောထားကို လေ့လာတင်ပြပါ။

၄။ "လရောင်အောက်မှ အမေ့ခေတ်စမ်းစာ" အတ္ထုပ္ပတ္တိကိုဖတ်ရသည့်အခါ သင်စိတ်ဝင်စားပါ သလား။ အဘယ်ကြောင့်နည်း။

၅။ သင်၏မိခင် သို့မဟုတ် ဖခင် သို့မဟုတ် သင်နှစ်သက်ရာ စာရေးသူတစ်ယောက် အကြောင်းကို စာ ၄ မျက်နှာခန့် ဆောင်းပါးပုံစံဖြင့် ရေးသားပါ။

DBE BOX - Copyright Protected